http://www.dhammadownload.com



ဗုဒ္ဓဂယာ ဗုညသတာယက အဖွဲ့

(၁၈)နှစ် ကုသိုလ်ခရီး လှုပ်ရှားမှု ပုံရိပ်များ

(၂၀၁၆)ခုနှစ်

http://www.dhammadownload.com

သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ

အလှူတကာတွင် တရားဓမ္မအလှူသည်
အမြတ်ဆုံးဖြစ်၏။

သို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

ငှေ့---

http://www.dhammadownload.com

ဗုဒ္ဓဂယာ ပဉ္ဇသဟာယကအဖွဲ့.

(၁၈)နှစ် ကုသိုလ်ခရီး လှုပ်ရှားမှုပုံရိပ်များ

ဗုဒ္ဓဂယာ ပဉ္ဇသဟာယကအဖွဲ့

ဩဝါဒိစရိယ ဆရာတော်

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန် အကျော်,

သ-စ-အ မဟာစရိယ, ဝင်္သကာ, ပါဠိပါရဂူ

လှရတနာစာစဉ်(၅၅)



စာအုပ် ဓမ္မဒါန ကုသိုလ်ရှင်

ဗုဒ္ဓဂယာ ပဉ္ဇသဟာယကအဖွဲ့.

ဥက္ကာဋ္ဌ ဦးကြည်ဝင်း (U.P.G Co.,)+ဒေါ်ရီရီအေး

သား-သမီး-မြေး တစ်စု

ကောင်းမှု

သာသနာ	ကောဇာ	ခရစ်
၂၅၅၉	၁၃၇၇	၂၀၁၆

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၆-ဖေဖော်ဝါရီလ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - စိုးစိုး၊

ဓာတ်ပုံ - ကိုအောင်ဟိန်း

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပုံနှိပ်သူ - ဦးမြင့်ဦး
(သိန်းသန်းဦး အောက်ဖ်ဆက်)
အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဘဒ္ဒန္တနာရဒါဘိဝံသ (၁၈)နှစ်ကုသိုလ်ခရီး
ရွှေကျေးစာပေ ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂၊× ၂၀-စင်တီ
(၁၈)နှစ်ကုသိုလ်ခရီး

http://www.dhammadownload.com

ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့
(၁၈)နှစ် ကုသိုလ်ခရီး
လုပ်ရှားမှု ပုံရိပ်များ

မာတိကာ

၁။	သာရကိုယ ဩဝါဒကထာ	၁
၂။	နှုတ်ဆက် စကား	၇
၃။	ကုသိုလ် ဒိုင်ယာရီ	၉
၄။	(၁၈)နှစ် ကုသိုလ်ခရီး	၁၄
၅။	ဘုရားလည်နှင့် ဘုရားဖူး	၁၇
၆။	ဘုရား (၉) ဆူ ပူဇော်နည်း	၂၂
၇။	ရင်မှာစွဲကပ် နဝရတ်စေတီများ	၃၁
၈။	မဟာဘုရားရှိခိုး	၅၀
၉။	တိဆတ္တမာရိဂုဏ်တော်	၆၀
၁၀။	(၁၈)နှစ်ပြည့် အခမ်းအနား	၆၃
၁၁။	အဖွဲ့ဝင်များ	၆၆

http://www.dhammadownload.com

အမှာစာ

မမွမိတ်ဆွေအပေါင်းတို့သည် လွန်ခဲ့သော(၁၇)နှစ် (၁၉၉၈)ခုနှစ်က စီးပွား/ ကူးသန်း ဝန်ကြီး ဌာန၏ အမှတ် (၃၃/၉၈)ဖြင့် အိန္ဒိယနိုင်ငံ+နီပေါနိုင်ငံ သံဝေဇနိယ လေးဌာနသို့ ဘုရားဖူးအတူ သွားလာရင်း ကုသိုလ်မျိုးစုံကို မိသားစုပမာ စိတ်တူ ကိုယ်တူ ညီညွတ်စွာ ပြုလုပ်ခဲ့ကြ၏၊ သည့်နောက် ပိုင်းမှာလည်း မမွမိတ်ဆွေတို့သည် သံဝေဇနိယ လေးဌာန အပါအဝင် အဝိဇဟိတလေးဌာနအထိ သွားရောက် ကြလျက် ကုသိုလ်ကောင်းမှုတို့ကို အတူပြု ခဲ့ကြလေသည်၊ ထိုကုသိုလ် ကောင်းမှုတို့ကို ပြန်လည် အောက်မေ့သတိရပြီး ဆွေးနွေး ပြောဆိုခြင်းဖြင့် **"ကုသိုလ်ကံဟောင်းတွေ"**ကို တိုးပွားစေကြပါမည်။

ထို့အပြင်ဘုရားအမှုးရှိသည့် သံဃာတော်တို့အား ဆွမ်းကပ်ခြင်း ပဒေသာပင် စိုက်ထူခြင်းစသည်ဖြင့်လည်း **"ကုသိုလ်ကံသစ်တွေ"**ကို ဖြစ်ပွားစေကြပါမည်၊ ယင်းအပြင် ဗုဒ္ဓဂယာမှာ အတူသွားခဲ့ကြသည့် အထဲမှ တချို့ ဆရာတော်ကြီးတွေ, မမွမိတ်ဆွေတွေဟာ ပျံလွန် ကွယ်လွန်သွားခဲ့ ကြပါပြီ၊ ထိုပုဂ္ဂိုလ်တို့ကို ဤနှစ်ပြုသမျှ ကုသိုလ်အဖို့ဘာဂကိုလည်း အမျှပေးဝေကြပါမည်၊ ဤသို့သောရည်သန်ချက်ဖြင့် **"ဗုဒ္ဓဂယာဘုရားဖူး နှစ်ပတ်လည် အထိမ်းအမှတ်"** ပွဲကို **"သမွပွဓာန် ကုသိုလ် တော်ပွဲ"** အဖြစ် နှစ်စဉ် ကျင်းပပြုလုပ်လာခဲ့ကြပေသည်။ ယခုနှစ်ပါဆိုလျှင် (၁၈)နှစ် ထိ ရောက်လာခဲ့ပါပြီ။

ထို(၁၈)နှစ်အတွင်းမှာ စွယ်တော် ဆံတော်ရတနာစေတီများနှင့် ပြည်တွင်းပြည်ပ ဗုဒ္ဓခြေတော်ရာ ပါဒစေတီများကို တည်ထားခြင်း ရွှေထီးတော်များ တင်လှူခြင်း တံခွန်တိုင် စိုက်ထူခြင်း ဗောဓိပင်များ စိုက်ပျိုးခြင်း နှစ်စဉ် ဆီမီး (၁၀၀၀၀)လှူဒါန်းခြင်း ကျောင်းဆောင် အဆောက်အဦးများ၌ အလှူငွေပါဝင် လှူဒါန်းခြင်း လှပ်စစ်မီး ဆေးပဒေသာပင် စိုက်ထူခြင်း မဟာသမယသုတ် (၈)ခန်း ကမ္မဝါစာ လှူဒါန်းခြင်း၊ မမွစကြာ,ပဋိစ္စသမုပ္ပါဒ်,ပဋ္ဌာန်း, ရတနသုတ်,ကာဠကာရာမသုတ်, ဂိရိမာနန္ဒသုတ်, မဟာသတိပဋ္ဌာနသုတ်, ဗုဒ္ဓဝင်ပါဠိတော်

http://www.dhammadownload.com

စသော ပါဠိတော်သင်တန်းများ ဖွင့်လှစ် ပို့ချသင်ယူကြခြင်းစသောအားဖြင့် သာသနာရေးဆိုင်ရာတို့ကို ဆောင်ရွက်ခဲ့ကြ၏။ ၎င်းအပြင် နာဂစ်မုန်တိုင်းဘေး, (၂၀၁၅)ခုနှစ် ရေဘေး,စစ်ကိုင်း မန္တလေး မြေငလျင်ဘေးကြုံသောအခါတို့၌လည်း ပရဟိတအနေဖြင့် ထိုဒေသ အသီးသီးသို့ လှူဒါန်းခဲ့ကြလေသည်။

ယင်းသို့ (၁၈)နှစ်အတွင်းမှာ လောကနှင့် သာသနာအတွက် ပြုလုပ်ခဲ့သမျှထဲမှ တချို့ကိုမာတ်ပုံ ရိုက်ကူးလျက် မှတ်တမ်းတင်ထားဖြစ်၏၊ ထိုမှတ်တမ်းမာတ်ပုံတို့ကို

(က) စွယ်တော်+ ဆံတော်စေတီများ

(ခ) ဗောဓိညောင်ပင် ပူဇော်ခြင်း

(ဂ) ဗုဒ္ဓခြေတော်ရာများ

(ဃ) ရွှေထီးတော်များ တင်လှူခြင်း

(င) အခါတော်နေ့များ ကျင်းပခြင်း

(စ) မဟာသမယ ကမ္မဝါများ လှူဒါန်းခြင်း

(ဆ) ဆီမီးပူဇော်ခြင်းများ

(ဇ) ရေလှူဒါန်းခြင်းများ

(ဈ) သင်တန်းများ ပို့ချခြင်း

(ည) နှစ်ပတ်လည် အထိမ်းအမှတ်ပွဲများ ကျင်းပခြင်း-ဟူ၍ အပိုင်းများခွဲခြားလျက် ဤ၌ဖော်ပြထားပါသည်။

ဤမာတ်ပုံမှတ်တမ်းကိုပင် "ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ (၁၈)နှစ် ကုသိုလ်ခရီး လှုပ်ရှားမှု ပုံရိပ်များ"အမည်ဖြင့် စာအုပ် စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ဤမာတ်ပုံမှတ်တမ်းဖြစ်သော **"ကုသိုလ် ဒိုင်ယာရီ"**စာအုပ်ကို ကြည့်ရှုပြီး အပရစေတနာများ တဖွားဖွား ဖြစ်ပွားလာကြလျက် စာဂါနုဿတိ ကုသိုလ်တွေ တိုးပွားလာနိုင်ကြပါစေဟူ၍ ဆန္ဒပြုရပါသည်။

အရှင်နာရဒါဘိဝံသ (လှရတနာ)

(၁၇၊ ၂။ ၂၀၁၆)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့ ဩဝါဒါစရိယ လှရတနာဆရာတော်၏ သာရဏိယ ဩဝါဒကထာ

သမ္မပ္ပဓာန်ကုသိုလ်ပွဲ

ဒီနေ့ဟာ (၁၈)နှစ်မြောက် ဗုဒ္ဓဂယာ ပုညသဟာကအဖွဲ့ရဲ့ သမ္မပ္ပဓာန်ကုသိုလ်တော်ပွဲ မဟာမင်္ဂလာ အခမ်းအနားဖြစ်ပါတယ်။ ဒီလိုတစ်နှစ်တစ်ကြိမ် ဆောင်ရွက်တာကို လောကဝေါဟာရ အနေနဲ့ မိတ်ဆုံ စားပွဲလို့ပြောကြတယ်။ သာသနာစကားနဲ့ပြောရင်တော့ သမ္မပ္ပဓာန် ကုသိုလ်ပါပဲ။ သမ္မပ္ပဓာန်ကုသိုလ်ပွဲဆိုတာ ကတော့ စောစောပိုင်းက ကိုစံတင်အောင် လျှောက်ထားလိုက်တဲ့ စကားအတိုင်း သံဝေဇနိယ(၄)ဌာနမှာ စိတ်တူကိုယ်တူ ညီညွတ်စွာပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေပြန်လည်ပြောပြ အောက်မေ့သတိရလိုက် တဲ့အခါ ကုသိုလ် ကံဟောင်းတွေ တိုးပွားလာ တယ်။ ဒါကို ပါဠိတော်က **ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော-** ပြုပြီးသားကုသိုလ် တွေ မေ့ဖျောက်မပစ်လိုက်ဘဲနဲ့ ခုလို သမ္မပ္ပဓာန် ကုသိုလ်ပွဲ မိတ်ဆုံစားပွဲမှာ ကုသိုလ်ကံဟောင်းတွေ တိုးပွားအောင် ဆောင်ရွက်လိုက်တာပါပဲ ဒါတင်မက ဆွေးနွေးရုံသက်သက် မဟုတ်ဘဲနဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်းကပ်ပြီး သံဃာတော်အတွက် လျှပ်စစ်မီးပဒေသာပင်တွေ စိုက်ထူလိုက်တော့ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော-** ကုသိုလ် ကံသစ်တွေ ထပ်မံပြီးတော့ ဖြစ်ပွားလာကြတယ်။ ဒါကိုလဲပဲ သမ္မပ္ပဓာန် ကုသိုလ်(၄)မျိုးထဲမှာ ကုသိုလ်အသစ်တွေ ဖြစ်ပွားအောင် လုံ့လဝီရိယစိုက်ရတဲ့ လွယ်လွယ်ပြောရင်တော့ ကုသိုလ်ကံသစ်တွေဖြစ်အောင်ပြုလုပ်ရတယ်လို့ ဘုရားရှင်က ဟောပြထားပါတယ်။ အဲ့တော့ ကုသိုလ်ကံဟောင်းတွေ တိုးပွားလာသလို ကုသိုလ် ကံသစ်တွေလည်း ဖြစ်ပွား လာရတဲ့အတွက် စောစောပိုင်းက ဥက္ကဋ္ဌကြီး ဦးကြည်ဝင်း လျှောက်ထားတဲ့အတိုင်း အခမ်းအနားကို အနှစ်သာရရှိရှိ ကျင်းပပြုလုပ် ပေးလိုက်တာပါပဲ။ ဒီလိုပြုလုပ်တာကတော့ ဗုဒ္ဓဂယာပြန် ဘုရားဖူးတွေထဲမှာ ရွှေဘုန်းပွင့် ဂေါပကဥက္ကဋ္ဌကြီး ဦးတင့်လွင်ပြောတဲ့အတိုင်း ဒီတစ်ဖွဲ့ပဲ တွေ့ပါတယ်လို့ လျှောက်ထားသွားတာ ကြားလိုက်ရတယ်။ အဲ့ဒီတော့ ဒီအဖွဲ့အနေနဲ့ ကံဟောင်းတွေတိုးပွားပြီး ကုသိုလ်ကံသစ်တွေဖြစ်ပွားလာရတယ်။ ဒါတင်မက ရှေ့မှာ ပူဇော်ခံထားတဲ့ ဆံတော်ရတနာစေတီကို မြင်တွေ့ကြရမှာပါပဲ ဆံတော်ရတနာစေတီ

http://www.dhammadownload.com

အပြင် မကြာခင် ရက်ပိုင်း အတွင်း ကျင်းပတော့မဲ့ စွယ်တော်ရတနာစေတီတွေ နောက်ဝါတွင်းတုန်း က သီရိလင်္ကာသွားပြီးတော့ ရွှေထီးတွေထင်ခဲ့တာ တွေ ရွှေခြေရာတော်တွေ လှူဒါန်းခဲ့တာတွေ ဒါတွေ ဟာလည်းပဲ ဒီဗုဒ္ဓဂယာအဖွဲ့ရဲ့ အများကောင်းမှုနဲ့ ပေါင်းစု ပြီးတော့ ဖြစ်ပွားလာတဲ့ မဟာကုသိုလ်တွေ ပါပဲ။ တစ်ဦးတစ်ယောက်တည်းအနေနဲ့ အဲ့လောက် များတာတွေ ဖြစ်ခွင့်မရှိပါဘူး။ အသင်းအဖွဲ့အနေနဲ့ စုပေါင်းပြီး လုပ်လိုက်လို့သာ အိန္ဒိယ သီရိလင်္ကာ စသည်ဖြင့် နိုင်ငံခြားတင်မက ပြည်တွင်းမှာပါ ဒီအဖွဲ့အနေနဲ့ ကုသိုလ်တွေ အလွန်များစွာပြုခွင့် ရလာကြတယ်။ အဲ့ဒီကုသိုလ်တွေက အာမိသ ပူဇာဖြစ်ပြီးတော့ အထိမ်းအမှတ်အားလျော်စွာ စုပေါင်းဝတ်တက်တာတွေ၊ စုပေါင်းပြီးတော့ ရှိခိုးပူဇော်တာတွေ ဆိုပါစို့ တစ်နှစ်တစ်ကြိမ် ဗောဓိပင်ညောင်ရေ သွန်းလောင်းတာ၊ တစ်နှစ် တစ်ကြိမ် ရွှေတိဂုံစေတီတော်ကြီးမှာ ဇန်နဝါရီ (၃)ရက်နေ့တိုင်း ဆီမီးထွန်းပြီး ဘုရားစာတွေပူဇော် ရွတ်ဆိုတာတွေ ဒါတွေဟာလဲ ဒီအဖွဲ့အနေနဲ့ ပြုခွင့် ရတဲ့ အလွန်ဝမ်းမြောက်ဖွယ်ကောင်းတဲ့ ကုသိုလ် တွေ ပါပဲ။ တစ်ဦး တစ်ယောက်တည်းဆိုရင်တော့ ပြုဖြစ်ဖို့ ခဲယဉ်းပါလိမ့်မယ်။ အဖွဲ့အနေနဲ့ဆိုရင် တော့ ဘာပဲလုပ်လုပ် လုပ်မယ် ဆိုရင် ဝိုင်းပြီးတော့ ပါလိုက်ကြတယ်။

မဟာသမယသုတ် ကမ္မဝါစာ

အထူးသဖြင့် ဒီဗုဒ္ဓဂယာအဖွဲ့ ပြုလုပ်တဲ့ ဓမ္မဒါန ဓမ္မပူဇာကုသိုလ်ထဲမှာ မဟာသမယသုတ် ကမ္မဝါ အစုံပေါင်းတထောင် လှူဒါန်းလိုက်တဲ့ ကုသိုလ်ကတော့ စောစောပိုင်းက ဗောဓိပင်တို့ ခြေတော်ရာတို့ ဆီမီးညှိထွန်းတာတို့ ဆံတော် စေတီတို့ စွယ်တော်စေတီတို့ တည်ထားတာထက် ပိုပြီးတော့ ပြန့်ပွားသွားတယ် ပိုပြီးတော့ တွင်ကျယ် သွားတယ်။ ပြီးခဲ့တဲ့ ၃-ရက် ၄-ရက်ကပဲ မန်းရွှေ စက်တော်ရာရဲ့ အလွန်ထုထည် ပမာဏ ကြီးမားတဲ့ မုခ်ဦးကြီးအထက်မှာ အလွန်ကြီးမားတဲ့ စကျင် ကျောက်သားခြေတော်ရာ ကြီးနှစ်ဆူ အလွန်ကြီး တဲ့ ကရိန်းကြီးနဲ့ မ,တင်ပြီးတော့ မှန်ကျောင်း ဆောင်နဲ့တကွ သွားရောက်ပူဇော်ဖြစ်ခဲ့တယ်။ အဲ့ဒီလို ပူဇော်တော့ မုခ်ဦးကြီးဟာ သိန်းပေါင်း နှစ်ထောင် ခုနှစ်ရာအထိ ကုန်ကျတယ်။ ရေရည် တည်တဲ့ ခိုင်မြဲအောင် အဲ့ဒီမုခ်ဦးနေရာမှ အန္တရာယ် ကင်းပရိတ်တွေ မဟာသမယသုတ် ပါဠိတော်တွေ ရွတ်ဖတ် ကြတယ်။ ည(၉)နာရီခွဲလောက်မှ ရွတ်ဖတ်ရတယ်။ မန္တလေးကကြွလာတဲ့ ခြေတော် ရာကြီးက စကျင် ခြေတော်ရာကြီး (၈)ပေ (၃)ပေခွဲ နှစ်ဆူဆိုတော့ ကားက ဖြေးဖြေးပဲမောင်းရတယ်။ မကွေးရောက် ပြန်တော့လဲ မြသလွန်ဘုရား ဂေါပကက သူတို့ မြသလွန်ဘုရားလာပြီးတော့ ဦးတိုက်ပါအုံးဆိုတော့ မြသလွန်ဘုရားလဲ သွားဦး တိုက်ရတယ်။ ဒါနဲ့ ည (၉)နာရီခွဲလောက်မှာ မုခ်ဦး နေရာမှာ မဟာသမယသုတ် ကမ္မဝါတွေရွတ်ကြ ဖတ်ကြတယ်။ သြဝါဒါစရိယဆရာတော်ကြီး တွေဆိုတာက နိုင်ငံတော် အဆင့်၊ တိုင်းအဆင့် ဆရာတော်ကြီးတွေ၊ နာမည်ကြီး စာရေးဆရာ၊ ဘုန်းကြီးတွေလဲပါတယ်။ အရှင်ဃောသိတ ရေနဲ့သာဆိုတာ မင်းကွန်း တိပိဋကဆရာတော်ကြီး တို့က လေးစားတဲ့ စာရေး ဆရာဘုန်းကြီးပါပဲ။ မနက်အရုဏ်ဘုဉ်းပေးပြီးတော့ မကွေးတိုင်းသံဃ နာယက ဥက္ကဋ္ဌ မကွေးမြို့မှာ သံဃာအများဆုံးရှိတဲ့ ကျောင်းတိုက်ကြီးရဲ့ ဆရာတော်ကြီးက ဘာအမိန့်

http://www.dhammadownload.com

ရှိလဲ "ဦးနာရဒ တို့အဖွဲ့က သံဃာ(၁၀၀)တစ်ရာ့အထက် စာသင် တိုက်ကြီးတွေ မဟာသမယသုတ် ကမ္မဝါ လိုက်လျှာလိုက်တာ အကျိုးများလိုက်တာ၊ တပည့်တော်တို့ ခဏခဏ ဒကာ ဒကာမတွေ ပင့်လို့ မဟာသမယသုတ်ကို လိုက်ရွတ်ပေးရတယ်။ ခဏ ခဏပင့်တယ်ဆိုတာ သူတို့ရဲ့စီးပွားရေးတွေ အောင်မြင် ဖြစ်ထွန်းလို့ ခဏခဏပင့်ကြတာပါပဲ။ တပည့် တော်တို့ ခဏခဏရွတ်ဖြစ်တဲ့အတွက် မဟာ သမယသုတ်ကို ကမ္မဝါဆိုဒ်ပြုလုပ်ပြီး လှူဒါန်းတာ အလွန်ကို အကျိုးများပါတယ် " အဲ့ဒီလို မိန့်ကြားခဲ့တယ်။ နောက် အရှင်ယောသိတ ရေနံ့သာကတော့ ဥက္ကဋ္ဌကြီးဦးကြည်ဝင်းလှူတဲ့ မဟာသမယသုတ်(၇)သုတ် စာအုပ်ဆိုဒ်ကြီးတွေလဲ ယူသွားတယ်။ ဟိုရောက်တော့ ဖတ်တဲ့ဆရာတော် ကများ ကမ္မဝါက(၃)ပါးကိုင်ပဲဆိုတော့ (၃)ပါးပဲ ကျန်တာက အဲ့ဒီစာအုပ် ဆိုဒ်ကြီးတွေနဲ့ဖတ်ရတယ်။ အဲ့ဒီ အရှင်ယောသိတ ရေနံ့သာကလဲ အာရုဏ်ဘုဉ်းပေးပြီးတော့ "ဘုန်းကြီး ဒီစာအုပ်ကြီးတွေ ရိုက်ထားတာရှိရင် တပည့်တော်တို့လဲ လှူပါဦး သဘောကျလွန်းလို့တဲ့ စာလုံးကြီးကြီးတွေနဲ့ (၇) သုတ်လုံးပါတဲ့အတွက် ဘယ်မှဒါမျိုးမတွေ့ဘူးဖူး ဘုရား" တဲ့ အဲ့ဒီလိုမကွေးတိုင်းက သြဝါဒစရိယ ဆရာတော်ကြီးတွေ မိန့်ကြားလို့ ထပ်ပြီးတော့ လှူခဲ့ကြရတယ်။ အဲ့ဒီတော့ ဆိုလိုတာက ဗုဒ္ဓဂယာ ပုည သဟာယကအဖွဲ့အနေနဲ့ ပြုလုပ်တဲ့ကုသိုလ် တွေဟာ တစ်ဦးတစ်ယောက်ပြုလုပ်တာ မဟုတ်ဘူး။ အဖွဲ့နဲ့ပြုလုပ်တဲ့အတွက် ဘာကုသိုလ်ပဲလုပ်လုပ် အောင်အောင်မြင်မြင်ဖြစ်ထွန်းသွားတယ်။ ဒါကို ဆိုလိုတာပါပဲ။

ကုသိုလ်အမျှပေးဝေပွဲ

ခုဆက်ပြီးတော့ အနုမောဒနာ စကားပြောကြားရအောင် ဖိတ်စာမှာ သမ္မပ္ပဓာန် ကုသိုလ်ပွဲရဲ့ ရည်ရွယ်ချက်တွေ အကုန်ပါပြီးသားပါပဲ၊ သမ္မပ္ပဓာန်ကုသိုလ်နှစ်မျိုး တိုးပွားဖြစ်စေရုံတင် မက ဗုဒ္ဓဂယာမှာအတူသွားခဲ့တဲ့အထဲက တစ်ချို့ ဆရာတော်ကြီးတွေ ပျံလွန်တော်မူသွားပြီ။ ညောင်တုန်းတိုက်ဆရာတော် စသည်ပေါ့လေ တစ်ချို့ဓမ္မမိတ်ဆွေတွေ ကွယ်လွန်သွားကြပြီ အဲ့ဒီ ဆရာတော်ကြီးတွေ ဓမ္မမိတ်ဆွေတွေကိုလည်းပဲ မိမိတို့အဖွဲ့ဝင်တွေ ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေက မိမိတို့ပြုသမျှ ကုသိုလ်တွေကို အမျှပေးဝေလိုက်ရင် တမလွန် ကဆရာတော်ကြီးတွေ ဓမ္မမိတ်ဆွေတွေ အနေနဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြမယ်။ အဲ့လို သာဓုခေါ်ကြပြီဆိုရင် ချက်ချင်းကို နတ်စည်း စိမ်နတ်ချမ်းသာတွေ တိုးပွားသွားတယ်။ ထိုဆရာတော်ကြီးတွေရဲ့ တပည့်တွေ ထိုကွယ်လွန်သွားတဲ့ ဓမ္မမိတ်ဆွေ တွေရဲ့ သားသမီးတွေရှိကြတာပါပဲ ဒါပေမယ့် အဲ့ဒီတပည့်တွေ အဲ့ဒီသားသမီးတွေက အတိုင်းအတာတစ်ခု လောက်ပဲ ကုသိုလ်ပြု အမျှဝေမှာပါပဲ။ နှစ်နှစ်သုံးနှစ်ထက် မပိုပါဘူး။ ကြာရင်တော့လဲ ဆရာကိုလဲမေ့ပစ်သလို မိဘတွေကိုလဲ မေ့ပစ်လိုက်တာပါပဲ။ ကိုယ့်ဇနီးကိုယ့်လင် ကိုယ့်သားကိုယ့်သမီးကိုပဲ ဆင်ကြမှာပါ။ အခုအဖွဲ့အနေနဲ့ နှစ်စဉ် သမ္မပ္ပဓာန်ကုသိုလ်ပြုပွဲကျင်းပရင်း ကိုယ်နဲ့အတူ ကုသိုလ်ပြုဖက်တွေကို အမျှပေးဝေ နေတယ်ဆိုတော့ ကိုယ့်တပည့်တွေ ကိုယ့်သားသမီးတွေက မေ့နေရင် တောင်မှ ကိုယ်နဲ့အတူ ကုသိုလ်ပြုဖက် ကျန်ရစ်တဲ့ အဖွဲ့ဝင်တွေက အမျှပေးဝေတယ်ဆိုတော့ ဒီဗုဒ္ဓဂယာပုည

http://www.dhammadownload.com

သဟာယကအဖွဲ့.ရဲ့ လုပ်ဆောင်ချက်တွေဟာ အလွန်ကိုပဲ အနှစ်ရသာရှိတယ်။ အနှစ် ရသာပြည့်တယ် ဒါက ကိုယ်ရဲ့ တမလွန် သံသရာ အတွက် ပါပဲ။

သံဇဝဂ ကုသိုလ်ယူနည်း

ခုပစ္စုပ္ပန်ကိုလဲပဲ သံဝေဂယူကြရမှာပါပဲ၊ ရှေ့မှာ အများကောင်းမှုနဲ့ ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ လှူဒါန်းထားတဲ့ ဆံတော်ရတနာစေတီကို မြင်တွေ့ကြရမှာပါ။ မြင်တွေ့တဲ့အခါ နှစ်ပိုင်း မြင်ရပါလိမ့်မယ်။ အပေါ်က ဆံတော်ရတနာစေတီပိုင်း အပိုင်း၊ အောက်ခံငွေကလာပ်တပိုင်း အားဖြင့် နှစ်ပိုင်း တွေ့ရပါတယ်။ အပေါ်မှ ဆံတော်ရတနာစေတီပိုင်း ကတော့ ရွှေရောင်တွေမြရောင်တွေ မမှိန်ပဲနဲ့ အလက်လက်တောက်ပ နေပေမယ့် အောက်ခံငွေ ကလာပ်ဟာ ငွေရောင် မရှိတော့ပါဘူး။ မှိန်သွားပါပြီ မူလပင်ကိုယ်ရောင် မဟုတ်ပဲနဲ့ မှိန်သွားတယ် ဆိုတော့ စာစကားနဲ့ပြောရင်တော့ ဇရာဖြစ်ပြီးတော့ အရပ်စကားနဲ့ပြောရင်တော့ အိုသွားပြီ (၄)နှစ်လောက်ပဲရှိပါသေးတယ် အဲ့ဒီလို အိုသလိုပဲ ခုတက်လာတဲ့အဖွဲ့ဝင်တွေရော မတက်ဖြစ်တဲ့ အဖွဲ့ဝင်တွေရော ဒီပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ်ဟာ နေ့စဉ်အမျှ လစဉ်အမျှ နှစ်စဉ်အမျှ အိုနေတာပါပဲ။ အိုရုံ တင်မက တခြို့နာတဲ့အတွက် ဆေးရုံမှာ တောင် ရောက်နေကြတယ်။ ခု လှရတနာကျောင်းဒါယကာကြီး ဦးရှမ်းတို့ဆို ဆေးရုံရောက်လို့ အဲ့ဒါ ခုရက်ပိုင်းမှာသွားပြီး ဂိရိမာနန္ဒသုတ် ပရိတ်တွေကို ရွတ်ပေးခဲ့ရတယ်။ အဲ့ဒီ ဂိရိမာနန္ဒသုတ် ပရိတ်ဟာလဲ ဒီအဖွဲ့ရဲ့ မဟာသမယကမ္မဝါ (၈)ခေါက်းထဲမှာ အပါအဝင်ပါပဲ။ အဲ့ဒီတော့ ခုမိမိတို့ဟာလဲပဲ ဆံတော်ရတနာ စေတီကိန်းဝပ်တဲ့ ငွေကြောကလာပ်လို အိုကြရမယ် ဇရာရဲ့ဖိစီးမှုခံကြရမယ်။ ဒီလို ငွေကလာပ်ဟောင်း နွမ်းအိုတာကတဆင့် ကိုယ့်ခန္ဓာ ကိုယ့်ရုပ်နာမ်တွေလဲ အိုနေတယ်ဆိုတာကို ဉာဏ်နဲ့ဆောင်ပြီး တော့ ဆင်ခြင်နိုင်ရပါမယ်။

သံယုတ်လာ ဇရာမရဏာသုတ်

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ။
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ။
သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ။

ဒါကို မြတ်စွာဘုရား ရှင်က ကောသလမင်းကြီးကိုဟောတဲ့အခါ နန်းတော်ထဲဆွမ်းကပ်ပြီး ဟောတာဆိုတော့ ရှေးဟောင်းဘုရင်အဆက်ဆက် ဘိုးဘေးတွေရဲ့ ရတနာစီခြယ်ထားတဲ့ ရတနာရထားတွေကိုလဲ ထိန်းသိမ်း ပြသထားတယ်။ ဘိုးဘေးတွေရဲ့ ရတနာစီခြယ်တဲ့ ရထားတွေဟာ အိုသွားပြီ ဟောင်းနွမ်းဆွေးမြေ့ ကုန်ပြီ အဲ့တော့ တရားဟောရင် မြတ်စွာဘုရား ရှင်က "ဒကာကြီး ဒကာတော်မင်းတရားရဲ့ ဘိုးဘွားတွေစီးတဲ့ ရတနာရထားတွေကြည့်စမ်းပါဦး အရောင်တွေမှိန်ပြီးတော့ ဟောင်းနွမ်းဆွေးနေပါပြီ ထို့အတူ အလွန်မာကျောတဲ့ ကြေးတွေသံတွေ ကျောက်မျက်တွေနဲ့ စီခြယ်ထားတဲ့ မင်းစီးတဲ့ရထား တောင်မှ ဟောင်းနွမ်းရသေးရင် အသွေးနဲ့အသား နဲ့ ခါတ်ကြီးလေးပါးနဲ့ အမာခံပြီးတည်ဆောက် ထားတဲ့ ခန္ဓာကိုယ် ဟာလည်းပဲ တစ်နေ့ တစ်ခြား တစ်လတစ်ခြား ဟောင်းနွမ်းအိုမင်းနေတာပါပဲ ဒါကို ပါဠိတော်က **ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ** အလွန်ဆန်းကြယ်တဲ့ ဘိုးဘေးတွေစီးတဲ့ ရတနာ ရထားတွေလဲပဲ ဟောင်းနွမ်းဆွေးနေပြီ။ **"အထော သရီရမ္ပိ ဇရံ ဥပေတိ"** သင်မင်းကြီးရဲ့ခန္ဓာကိုယ်

http://www.dhammadownload.com

ငါဘုရားရဲ့ခန္ဓာကိုယ်ဟာလဲ တဖြည်းဖြည်းနဲ့ အိုခြင်းကို ယိုယွင်းစွာ ယိုယွင်းစွာသွားနေပါပြီ။ **သတဥ္စ ဓမ္မော နဇရံ ဥပေတိ** ဒါပေမဲ့ သူတော်ကောင်းတွေရဲ့မျက်မှောက်ပြုတဲ့ နိဗ္ဗာန်တရားကတော့ လုံးဝဟောင်းနွမ်းအိုမင်းခြင်း ယို့ယွင်းခြင်း၊ ပျက်စီးခြင်း မရှိဘူး။ **သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ** သူတော်ကောင်းတွေဟာ အဲ့ဒီလို နိဗ္ဗာန်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးပြောကြားလေ့ရှိကြတယ်။ ဒီလိုသံယုတ်ဒေသနာမှာ ဟောပြသွားတယ်။ ဆံတော်ရတနာစေတီထုတ်ပြလိုက်တာက အသစ်တက်လာတဲ့ ဘုရားဖူးအဖွဲ့တွေလဲ မြင်ဖူးအောင် ဒီရည်ရွယ်ချက်တင်မက ခုသံယုတ်ဒေသနာအနေနဲ့ပါ ဆံတော်ရတနာစေတီရဲ့ ကိန်းစပ်ရာ ငွေပလ္လင်ကြာကလာပ်ကနေ ဟောင်းနွမ်းတဲ့သဘောကို ကြည့်ပြီးတော့ မိမိတို့ ခန္ဓာကိုယ်ဟာလဲပဲ တစ်ရွေ့ချင်း တစ်ရွေ့ချင်း တစ်နေ့ချင်းတစ်ရက်ချင်း တစ်လချင်း တစ်နှစ်ချင်း အိုနေပြီ အိုလာပြီ မကြာခင် အိုတာကတဆင့် ဗျာဓိ နာရတော့မယ်၊ အဲဒီလို မနာခင် အိုနေတာကို သိပြီးတော့ ကုသိုလ်ကောင်းမှုတွေရနိုင်သမျှ ပြုဘို့ ကုသိုလ်ကောင်းမှုတွေရနိုင်သမျှဖြစ်အောင် လုပ်ဘို့ အတွက် သက်သေသာဓကအနေနဲ့ ဆံတော်ရတနာစေတီကို အပြင်ဘက်ပင့်ပြီးတော့ ပြလိုက်တာပါ၊ တစိမ့်စိမ့်ကြည့်ပါ၊ မိမိတို့လှူထားတဲ့ အလှူငွေတွေနဲ့ပဲ ဗုဒ္ဓဂယာပုညသဟာယက အသင်းမတည်အနေနဲ့ပဲ တည်ထားတဲ့ စေတီပါ တခြားဟာတွေ သံဝေဂစကားပြောနေရင် သိပ်ပြီးတော့ ထင်လွယ်မြင်လွယ်ရှိမှာ မဟုတ်ဘူး။ မိမိတို့ လှူဒါန်းထား တဲ့ မိမိတို့ တည်ထားတဲ့ ဆံတော်ရတနာ စေတီနဲ့အောက်ခံငွေကြာကလာပ် ကြည့်ပြီးဆင်ခြင်လိုက်ရင် ဘုရား ဟောခဲ့တဲ့ သံယုတ်ဒေသနာဟာ ပိုပြီးတော့ပေါ်လွင်နိုင်ပါတယ်။ ပေါ်လွင်လာပြီဆိုရင် အသိဉာဏ်တွေပါ ပိုပြီးတော့ ကြီးမားလာတဲ့အတွက် သံသရာရဲ့ ထောက်ရာတည်ရာ အားကိုးရာဖြစ်တဲ့ ကုသိုလ်တွေကို ရနိုင်သမျှ ရအောင် စုဆောင်းထားဖို့ပါပဲ။ ဒီလောက်ဆိုရင် (၁၈)နှစ်ပြည့် ဗုဒ္ဓဂယာပုညသဟာယက အဖွဲ့ရဲ့ သမ္မပ္ပဓာန် ကုသိုလ်ပွဲမှာ အမှတ်ရလောက်ပါပြီ။

အဲ့တော့ အစည်းအဝေးတုန်းက ဥက္ကဋ္ဌကြီးပြောလိုက်တဲ့ သမိုင်းဝင် လျှောက်ထားချက်ကို အကြောင်း ပြုပြီးတော့ ဗုဒ္ဓဂယာပုညသဟာယက အဖွဲ့ရဲ့ (၁၈)နှစ်ပြည့် အထိမ်းအမှတ် သမ္မပ္ပဓာန်ပွဲမှာတော့ (၁၈)နှစ် အတွင်းမှာ ပြုလုပ်ခဲ့တဲ့ သာသနာပြုကုသိုလ်တော် ဓါတ်ပုံ မှတ်တမ်းစာအုပ် ထုတ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ဒီအတွင်း ရွှေစက်တော်ကိစ္စ မန္တလေး ကိစ္စတွေက လည်းများတယ်၊ ဓါတ်ပုံတွေ ရောက်လာတော့ ဖိုးကာ လာဆိုတော့ ပုံနှိပ်တိုက်အနေနဲ့ရိုက်ရတာ အနည်းဆုံး (၁၀)ရက်လောက် အချိန်ပေးမှ မီမယ်ဆိုတော့ ဒီပွဲတော့ မမှီနိုင်ခဲ့ပါဘူး။ ဒါပေမယ့် မကြာခင် ကျင်းပတော့မယ် (၂၃)ရက်နေ့ စွယ်တော်ရတနာစေတီရဲ့ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲမှာတော့ အဲ့ဒီစာအုပ် ထွက်လာပါလိမ့်မယ်။ ဒီ (၁၈)နှစ်ပြည့် အထိမ်းအမှတ် သမ္မပ္ပဓာန်ပွဲ ဂရုမှတ်တမ်းပုံဟာလဲပဲ အဲ့ဒီ သာသနာပြု ဓါတ်ပုံ မှတ်တမ်းစာအုပ်မှာတော့ ပါလာမှာပါပဲ။ အဲ့ဒီတော့ သမ္မပ္ပဓာန်ကုသိုလ်ပွဲဟာ တကယ်ကိုပဲ ပျော်စရာကောင်းတဲ့ ကုသိုလ်ပွဲပါပဲ။ တစ်ဦးတစ်ယောက်တည်းလုပ်တဲ့ ကုသိုလ်ကထိုတစ်ဦးတစ်ယောက် မိသားစုတစုတည်းပဲ ပျော်ရမှာဖြစ်ပေမယ့် ခုဟာကတော့ အဖွဲ့လိုက်လုပ်တဲ့ ကုသိုလ်တွေဆိုတော့ ဘုန်းကြီးတွေရော

http://www.dhammadownload.com

လူတွေရော အားလုံးပဲ ပျော်စရာကောင်းတဲ့ ကုသိုလ်ပွဲပါပဲ။ အဲ့တော့ ဒီကုသိုလ်ပွဲပြုလုပ်တဲ့အခါ ခုနက ရည်ရွယ်ချက် သမ္မပ္ပဓာန် ကုသိုလ်နှစ်မျိုး အပြင် မိမိတို့အဖွဲ့ထဲမှ ပျံလွန်တော်မူသွားတဲ့ ကွယ်လွန် အနိစ္စရောက်သွားတဲ့ ဆရာတော်ကြီးတွေကိုရော ဓမ္မမိတ်ဆွေတွေကိုပါ ရေစက်ချအမျှ ပေးဝေကြ ရပါမယ်။

(၁၂။ ၂။ ၂၀၁၆)



http://www.dhammadownload.com

ပုဒ္ဓဂယာ ပုညသဟာယကအဖွဲ့

ဥက္ကဋ္ဌ ဦးကြည်ဝင်း-၏ နှတ်ဆက်စကား

ဆရာတော်များကို ကျန်းမာစွာ ဖူးတွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာရှိရပါတယ်။ အသင်းသူ အသင်းသားနဲ့ ဓမ္မမိတ်ဆွေများအားလည်း ကျန်းမာရှင်လန်းစွာ တွေ့ဆုံရတဲ့အတွက် ကြည်နူးဝမ်းသာဖြစ်ရပါတယ်။ မိမိတို့ အသင်းဟာ ပုဒ္ဓဂယာ ဘုရားဖူးသွားရောက်ခဲ့တာကို ပြန်လည် အောက်မေ့သတိရစေခြင်းအလို့ငှာ ကျင်းပလေ့ရှိတဲ့ သမ္မပွဓာန် ကုသိုလ်တော်ပွဲကို ကျင်းပလာတာ ဒီနှစ်ဆို (၁၈)နှစ်ပြည့်သို့ ရောက်ရှိလာခဲ့ပါပြီ။ မိမိအနေနဲ့ ဒီအသင်းအစဉ် တည်ရှိလိုတဲ့ ဆန္ဒအသင်းရဲ့ ကျေးဇူးကို မမေ့သောအားဖြင့် ခုလို ကုသိုလ်ပွဲကို အစဉ်အလာမပျက် အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပလိုတဲ့ဆန္ဒ မိမိစိတ်နှလုံးဝယ် အစဉ်ကိန်းလျက် ရှိပါတယ်။

ဘာကြောင့်လည်းဆိုတော့ အမှန်ပြောရရင် မိမိအား လောကီချမ်းသာအကျိုး၊ လောကုတ်ချမ်းသာအကျိုး ပေးစွမ်းနိုင်တဲ့ အရာနှစ်ခု ရှိပါတယ်။ တစ်ခုကတော့ U.P.G Co.,ဖြစ်ပြီး တစ်ခုကတော့ ပုဒ္ဓဂယာပုညသဟာယက အသင်းပင်ဖြစ်ပါတယ်။ U.P.G Co.,ဖြစ်ထွန်းပေါ်ပေါက်လာပြီးနောက် မိမိဘဝရပ်တည်မှုကို တစ်မျိုးတစ်မည်ပြောင်းလဲစေခဲ့ပါတယ်။ ဘဝနောင်ရေးကို မတောင်းမတမကြောင့်မကြစေပဲ ချမ်းချမ်းသာသာ နေနိုင်ဖို့ မျှားစွာ အထောက် အကူပြုစေခဲ့ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်လုပ်ငန်းတွေပေါ်မှာ ခါတိုင်းလို ကြောင့်ကြမှုတွေ မဖြစ်တော့ပဲ စိတ်အေး ချမ်းသာ စွာနဲ့ ဆောက်ရွက်နိုင်ခဲ့ပါတယ်။ တော်ရုံတန်ရုံ ကိစ္စတွေမှာ လျစ်လျူရှုနိုင်ခဲ့ပါတယ်။ စိတ်တွေ လွတ်လပ်ပေါ့ပါးပြီး အေးငြိမ်းချမ်းသာမှုကို ဖြစ်စေ ခဲ့တဲ့အတွက် လောကီလောကုတ် အကျိုးပြုဖို့ အခွင့် အလမ်း ဖြစ်လာ စေခဲ့ပါတယ်။

ခုလိုအဆင်ပြေချိန်မှာ ကံအားလျော်စွာ ပုဒ္ဓဂယာပုညသဟာယကအသင်း ပေါ်ပေါက်လာတာကြောင့် မိမိအတွက် ရေအသင့်ကြာအသင့် ဖြစ်စေခဲ့ပါတယ်။ အသင်းကို အကြောင်းပြုကာ ကုသိုလ်ကောင်းမှုများစွာကို ပြုကျင့်နိုင်ခဲ့ပါတယ်။ အခါအားလျော်စွာ တရားစာ များရွတ်ဆိုရပါတယ်။ ဘာသာရေး၊ သာသနာရေးပွဲများ အစဉ်ပြုလုပ်လျက်ရှိတာကြောင့် ဆရာတော်ကြီးများကိုလည်း ဖူးမျှော်ခွင့်ရကြပါတယ်။ ပြုစုခွင့်

http://www.dhammadownload.com

လျှုဒါန်းခွင့်များရရှိခဲ့ပါတယ်။ အနီးကပ် ဆိုဆုံးမမှု များနဲ့ တရားဓမ္မများ နာကြား ရခြင်းကြောင့် အသိဉာဏ်မြင့်မား တိုးတတ်စေခဲ့ပါတယ်။ အရာရာကို ဆင်ခြင်သုံးသပ်နိုင်လာခဲ့ပါတယ်။ သဘာဝသဘောရဲ့ အမှန်တရားတွေကို သိရှိနားလည်ခွင့်ရပါတယ်။ ဒါန၊ သီလ၊ ဘာဝနာရဲ့အကျိုးကို ကောင်းစွာသိခွင့်ရပြီး ခံယူကျင့်သုံးနိုင်သလောက် ကောင်းကျိုးချမ်းသာကို ရရှိစေခဲ့ပါတယ်။ လောကီလူသားအကျိုးများ ဆောင်ရွက် နိုင်ခဲ့တာကြောင့်လည်း အကြီးအကဲများ မိတ်ကောင်းဆွေကောင်း ဓမ္မမိတ်ဆွေများနဲ့ သိကျွမ်းခွင့်ရတဲ့အတွက် ကိစ္စကြီးငယ်တို့ကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ပါတယ်။

မိမိတို့ အသင်းဟာ ဘာသာအကျိုး၊ သာသနာအကျိုးတင်မက လောကီလူသားများအကျိုးပါမကျန် ကုသိုလ်များစွာတို့ကို မစဉ်မပြတ် သဒ္ဓါတရားထက်သန်စွာနဲ့ အကောင်းဆုံး အကျိုးအရှိဆုံးဖြစ်အောင် အသင်းရဲ့ ဦးစီးဆရာတော်ဖြစ်တဲ့ လှရတနာဆရာတော်ရဲ့ ဆိုဆုံးမမှုကို နာယူမှတ်သားကာ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူလအသင်းသူ အသင်းသားတွေ တက်ရောက်လာနိုင်သူ တဖြည်းဖြည်းနည်းပါလာတာတွေ့မြင်ရပါတယ်။ အချို့အသက်အရွယ်ကြီးရင့်ပြီး သွားလာလှုပ်ရှားမှု မလွယ်တာကြောင့် မလာနိုင်တာရှိသလို အကြောင်းအမျိုးမျိုးကြောင့် ပျော်ရာမှာမနေရဘဲ တော်ရာမှာနေကြတဲ့သူတွေလည်း ရှိကြပါတယ်။ အချို့ကွယ်လွန် အနိစ္စ ရောက်ကြသူလည်းရှိကြပါတယ်။ ဒီလိုအခြေအနေမျိုး တစ်နေ့ ရောက်လာလိမ့်မယ်ဆိုတာကို ဒီအသင်းသူ အသင်းသားအနေနဲ့ သံဝေဇနီယလေးဌာနကို ရောက်ခဲ့စဉ်ထဲက သခ်ၤါရတရားတို့ရဲ့ မမြဲပုံကို သိရှိခဲ့ကြသူများ ဖြစ်ကြပါတယ်။ဒါကြောင့် ဒီအကြောင်းအရာတွေးကို တွေးပြီး ဝမ်းနည်းကြေကွဲမဲ့အစား အချိန်ရှိခိုက် ကောင်းမှုကုသိုလ်များများ ပြုလုပ်နိုင်ခြင်းသာလျှင် မိမိတို့အတွက် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အကောင်းဆုံး ပြုကျင့်ခြင်းပင်ဖြစ်ပါတယ်။

မျိုးဆက်သစ်အဖွဲ့သားများ အထူးသဖြင့် အရွယ်ရှိသူများအနေနဲ့ သခ်ၤါရတရားရဲ့ မမြဲပုံကို သံဝေဂယူကာ ငါလည်းတစ်နေ့ ဆိုတာကို မမေ့ဘဲ မိမိဆောင်ရွက်နိုင်တဲ့ အချိန်ကောင်းလေးကို အရယူကာ ကောင်းမှုကုသိုလ်မှန်သမျှ စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

အားလုံးကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာကြပါစေ။

(၁၂။ ၂။ ၂၀၁၆)

http://www.dhammadownload.com

စွယ်တော်ရတနာစေတီ



http://www.dhammadownload.com



http://www.dhammadownload.com



ဆံတော်ရတနာစေတီ



http://www.dhammadownload.com

http://www.dhammadownload.com



လှရတနာ မဟာဖောဓိညောင်ပင်

ဒွဲတွဲနှစ်ဧပ ဒွန်ဌာခေကဌိုင်ယမဝင်း စီမြှုပ်လုပ်ပ ဒုဒွန်ငုပလမ်းရှင်



http://www.dhammadownload.com



အိန္ဒိယနိုင်ငံ သက်ဿနဂိုရီမြို့ မြန်မာကျောင်း သိရိပါဒဝိဟာရ

http://www.dhammadownload.com

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



စွယ်တော်ရတနာစေတီအား အနေကဇာတင်ကြစဉ် (၂၀၁၄)ခုနှစ်



စွယ်တော်ရတနာစေတီအား ဆွမ်းတော်ကြီးကပ်လှူကြစဉ် (၂၀၁၃)ခုနှစ်

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



စွယ်တော်ရတနာစေတီအား ဆွမ်းတော်ကြီးကပ်လှူကြစဉ် (၂၀၁၅)ခုနှစ်



ဘုရားပွဲအတွင်း အသံမစဲ မဟာသမယ(၇)သုတ်ရွတ်ဖတ်စဉ် (၂၀၁၃)ခုနှစ်

http://www.dhammadownload.com

ဓွယ်တော်၊ ဆံတော်စေတီများ



ဓွယ်တော်ပွဲ၌ စစ်ကိုင်း ဆရာတော်ကြီး တရားချီးမြှင့်စဉ်



ဓွယ်တော်ပွဲ၌ မကြီးတို့ ညီအစ်မ ဆွမ်းပဒေသာပင် သိန်း(၅၀)စိုက်ထူစဉ် (၂၀၁၃)ခုနှစ်

http://www.dhammadownload.com

စွယ်တော်ဆင်းတုတော်များ



စွယ်တော်ညတရားပွဲမှ တရားနာပရိတ်သတ်များ (၂၀၀၆) ခုနှစ်



စွယ်တော်ပွဲ၌မှ ဝတ်အသင်းများ (၂၀၀၆) ခုနှစ်

http://www.dhammadownload.com



စွယ်တော်ပွဲ၌ အာရုံဆွမ်းကပ်လှူစဉ် (၂၀၀၈)ခုနှစ်



စွယ်တော်ပွဲ၌ မဟာသတိပဋ္ဌာနသုတ် ရွတ်ဖတ်စဉ် (၂၀၀၉)ခုနှစ်

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



စွယ်တော်ပွဲ၌ မဟာသတိပဋ္ဌာနသုတ် ရွတ်ဖတ်စဉ် (၂၀၀၈)ခုနှစ်



သီရိရတနာမြတ်စွယ်တော် အနေကဇာတင်ပွဲ (၂၁.၁၂.၂၀၀၈)ခုနှစ်

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



သီရိရတနာမြတ်စွယ်တော် ဌာပနာပစ္စည်းများ



သီရိရတနာမြတ်စွယ်တော် အနေကဇာတင်ပွဲ (၂၁.၁၂.၂၀၀၈) ခုနှစ်

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



သီရိရတနာမြတ်စွယ်တော် အား အနီးကပ်ဖူးမြင်ရစဉ် (၂၁.၁၂.၂၀၀၈)



သီရိရတနာမြတ်စွယ်တော် အား ပါချုပ်ဆရာတော် ဖူးမြော်စဉ် (၂၁.၁၂.၂၀၀၈)

http://www.dhammadownload.com

စွယ်တော်၊ ဆံတော်စေတီများ



မြို့အသီးသီးသို့ ကြွရောက်ပူဇော်ခံမည့် သစ္စာရတနာစွယ်တော်စေတီများ (၂၂-၃-၂၀၀၉)



http://www.dhammadownload.com

ဓွယ်တော်၊ ဆံတော်စေတီများ



ဆံတော်ရတနာစေတီ တည်ထားရန် အဖွဲ့ဝင်များ ဆွေနွေးကြစဉ် (၁၉.၂၀၁၃)



ဆံတော်ရတနာစေတီ မှ ဌာပနာပစ္စည်းများ (၆.၁၁.၂၀၁၃)

http://www.dhammadownload.com

ဓွယ်တော်၊ ဆံတော်စေတီများ



နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် နှံ့သာရေပက်ဖျန်းစဉ်



ဆံတော်ရတနာစေတီ အနေကဏ္ဍတင်ပွဲ (၁၇.၁၁.၂၀၁၃)

http://www.dhammadownload.com

ကုသိုလ်ဒိုင်ယာရီ

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသူတို့သည် ပတိပူဇိက ကုမာရိဝတ္ထု အနေဖြင့် ဆိုရလျှင်မူ ခြေတစ်လှမ်း လှမ်းတိုင်း လှမ်းတိုင်း ကုသိုလ် တရားပေါင်း (၅၆) ပါးတို့ကို ရရှိနေပေသည်၊ ရရှိပုံကား-အနာထပိဏ် သူဌေးကြီးကဲ့သို့ ဘုရားဂုဏ်ကို အာရုံပြုလျက် ဘုရားဖူးသွားသော ပုဂ္ဂိုလ်၏ သန္တာန်၌-မဟာကုသိုလ် သောနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပေါ်နေပေသည်၊ ထိုကုသိုလ်စိတ်၌ ယှဉ်ဖော်ယှဉ်ဖက် အတူတကွဖြစ်ဖက်အနေဖြင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, သဒ္ဓိန္ဒြေ, ဝိရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ စသော သမ္ပယုတ်သဟဇာတ် တရားများလည်း အတူတွဲလျက်ဖြစ်ပေါ်နေရကား ကုသိုလ်တရားပေါင်း (၅၆) ပါးတို့ကို ရရှိလေ၏-ဟုဆိုရခြင်းဖြစ်သည်။

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသောသူ၏ ခြေတစ်လှမ်းတစ်လှမ်း သည် ကုဋေတစ်သန်းမကတန်သည်-ဟုဆိုရာ၌ အနာထပိဏ်သို့ကဝတ္ထု၌ လာသည့် အနာထပိဏ်သူဌေးကြီးကဲ့သို့ ဗုဒ္ဓဂုဏ်တော်ကိုပွားများလျက် သွားမှသာ တန်ပေသည်၊ ထိုသို့မဟုတ်ပဲ ဘုရားဖူးခရီးစဉ်ကိုသာမန် အလည်အပတ်အပျော်အပါး ခရီးသွားခြင်းဖြင့် သွားလာလျှင် သော်၎င်း၊ ဒေသန္တရဗဟုသုတ ရှာမှီးရန်အနေဖြင့် သွားလာလျှင်သော်၎င်း ခြေတစ်လှမ်းသည် သာမန်ခြေတစ်လှမ်းမျှသာ ဖြစ်သွားပေသည်။

ထို့အပြင် ဘုရားဖူးသွားရင်း ကားပေါ်တွင် ထိုင်ခုံလုခြင်း၊ တည်းခိုမည့်နေရာတွင် အခန်းလုခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် ဝတ်စားခြင်း ကုန်ရောင်းကုန်ဝယ် ပစ္စည်းဖလှယ် ဈေးဝယ်ထွက်ခြင်းတို့မှာလည်း သာမန်ခြေတစ်လှမ်း လှမ်းသည်နှင့် ဘာမျှမထူးပေ။ ယင်းသို့သော စိတ်ထားတို့ဖြင့် ဗုဒ္ဓဂယာ

http://www.dhammadownload.com

သံဝေဇနီယဌာနသို့ ဘုရားဖူးသွားပါက ကွယ်လွန်လျှင် အပါယ်(၄)ဘုံလည်း မပိတ်ပါ၊ လောဘ,ဒေါသ, ဣဿာ,မစ္ဆရိယ-စသော အကုသိုလ်တရားတို့ကြောင့် အပါယ်(၄)ဘုံသည်ပွင့်လျက် စောင့်ကြိုနေမည်သာဖြစ်သည်။

အနာထပိဏ်သူဌေးကြီးကဲ့သို့ ဘုရားဂုဏ်တော်ပွားများလျက် သွားမှသာ တန်ဘိုးရှိသော ခြေလှမ်းဖြစ်ပြီး ကွယ်လွန်လျှင်လည်း အပါယ်(၄)ဘုံပိတ်လျက် နတ်ပြည်သုဂတိသို့ ရောက်ရှိနိုင်ပေသည်။ ယင်းသို့ ဘုရားဖူးသွားသော ခြေတစ်လှမ်း တစ်လှမ်း၏ ကုဋေတစ်သန်းမက တန်အောင် အကျိုးများမှု-ကုသိုလ်တရားပေါင်း (၅၆) ပါးထိ ရရှိမှုတို့ကြောင့် ဗုဒ္ဓဂယာဘုရားဖူးသွားသူတို့သည် မိမိတို့ ဖူးမျှော်ခဲ့ရာ နေရာထူး နေရာမြတ် အရပ်ဌာနတို့၌ ပြုခဲ့သောကုသိုလ် ကောင်းမှုတို့ကို **"ပုညပေါတ္ထက-ကုသိုလ်ကောင်းမှု စာရင်းစာအုပ်"** အဖြစ်ရေးသားလျက် မှတ်တမ်းတင်ထားလေ့ရှိကြသည်။

ဘုရားပူးမှအပြန် ကုသိုလ်မျှား ထပ်မံပြစ်ပုံ

ဗုဒ္ဓဂယာ ဘုရားဖူးမှ ပြန်ရောက်လာပြီးနောက် မိမိတို့ ဗုဒ္ဓဂယာ ဘုရားဖူးသွားရင်း ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှုတို့ကို စာဂါနုဿတိ အနေဖြင့် ပြန်လည်သတိရ စဉ်းစားမိတိုင်း ဆင်ခြင်လိုက်တိုင်း အပရ စေတနာ ကုသိုလ်တရားတွေ တဖွားဖွားဖြစ်ပွါး တိုးပွါး လာရပြန်သည်၊ ယင်းသို့ ကုသိုလ်တရားတွေ ဖြစ်ပွါးတိုးပွါးလာရသည်ကို ရည်ရွယ်၍ ဘုရားရှင်က ပဌာန်းပါဠိတော်၌ **" ပုဗ္ဗေသုစိဏ္ဏာနံ ပစ္စဝေက္ခတိ "** ဟူ၍ ဟောတော် မူရခြင်းဖြစ်၏၊ မိမိတို့ ကောင်းမွန်စွာ ပြုထားသော ကုသိုလ်ကောင်းမှုက ဆင်ခြင်သဖြင့် ဖြစ်ပေါ်လာသော ကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်၏၊ အလေး အမြတ်ပြုပြီး ဆင်ခြင်လျှင်မူ အဓိပတိ၊ ဥပနိဿယပစ္စယသတ္တိတို့ဖြင့်ပင် ကျေးဇူး ပြုနိုင်ပါသည်။

ပရိတ်ရွတ်တိုင်း စာချတိုင်း ကုသိုလ်မျှားပွါးပုံ

ဗုဒ္ဓဂယာသို့ မရောက်ဖူးသေးခင်က ပရိတ်ရွတ်တဲ့အခါ စာသင်စာချတဲ့အခါတို့၌ **" သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ "** စသော အပိုဒ်တို့ကို ရွတ်ရိုးရွတ်စဉ် ချရိုးချစဉ်အတိုင်းသာ ရွတ်ဆိုပို့ချ လိုက်သည်၊ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းစသည်တို့သည် အာရုံထဲတွင် ပေါ်မလာချေ၊ ဗုဒ္ဓဂယာသို့ ရောက်ပြီးသည့် နောက်ပိုင်း၌ကား **"သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ"** စသော မဂ်လသုတ်ပရိတ် စသည်ကိုရွတ်ဆိုသည့်အခါ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမြင်ကွင်း ဂန္ဓကုဋီကျောင်းတော်မြင်ကွင်းတို့သည် အာရုံထဲမှာ ပေါ်လာရသည်။

" ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ " စသော ဓမ္မစက္ကာသုတ်, အနတ္တလက္ခဏ သုတ်တို့ကို ရွတ်ဆိုသည့်အခါ တို့၌လည်း ဗာရာဏသီမြို့ မိဂဒါဝုန်တောမြင်ကွင်း၊ ဓမ္မရာဇိက စေတီ၊ ဓမ္မေခစေတီ မြင်ကွင်းတို့ကို အာရုံထဲတွင် မြင်ယောင်လာမိသည်၊ ဤသုတ္တန်တို့ကို **" မိမိသည် မြတ်စွာဘုရားရှင် မူလဟောကြားခဲ့သည့် နေရာတို့၌ပင် ရွတ်ဆိုပူဇော်ခဲ့ရပါတကား "** ဟူ၍လည်း အောက်မေ့ အမှတ်ရမိပြီး ဝမ်းသာရသည်၊ ထို့အပြင် ဝိနည်းပိဋကမှ **" ရာဇဂဟေ ဝိဟရတိ**

http://www.dhammadownload.com

ဂိုလ္ဂကုဋေ ပတ္တတေ ” စသောဝါကျတို့ကို ပို့ချသည့်အခါမှာလည်း ရာဇဂြိုဟ်မြို့ ဂိုလ္ဂကုဋ်တောင် မြင်ကွင်းနှင့် ထိုတောင်ပေါ်မှ ဂန္ဓကုဋီကျောင်းမြင်ကွင်းတို့သည် အာရုံထဲတွင် ပေါ်လွင်လာရသည်။ စာသင်သားတို့အား ပီပြင်စွာပြောပြနိုင်သည်။

ဗုဒ္ဓဂယာ ဘုရားပူးပြေန်တို့၏ စိတ်ထား

ဗုဒ္ဓဂယာ ရောက်ဖူးပြီးသူတို့အဘို့ ဓမ္မစကြာ ပရိတ်စသည်တို့ကို ရွတ်ဆိုတဲ့အခါမှာဖြစ်စေ စာသင် စာချတဲ့ အခါမှာဖြစ်စေ ဘုရားဟော ပါဠိတော်တို့ကို ရွတ်ဆို ပို့ချရသည်မှာ ဗုဒ္ဓဂယာသို့ မရောက်ဖူးခင်ကထက်ပိုပြီး သဒ္ဓါတရားတွေ ဖြစ်ပွါး လာရသည်၊ ရတနာသုံးပါးအပေါ်မှာ လေးနက်စွာ ကြည်ညိုမှုဖြစ်ရသည်၊ မိမိကိုယ်တိုင် ဗုဒ္ဓဂယာသို့ထပ်ပြီး သွားချင်သေးသလို မရောက်ဖူးသူ တွေကိုလည်း သွားဖို့ရန် တိုက်တွန်းမိသည်၊ မိမိခံစားရသလို ခံစားစေချင် သည်ကား ဗုဒ္ဓဂယာဘုရားဖူး ပြန်လာသူတို့၏ စိတ်ထားပင် ဖြစ်သည်။

မိမိတို့ ပြုထားသော ကုသိုလ်ကောင်းမှုသည် အလိုလိုတော့ မတိုးပွါးနိုင်ပါချေ၊ ထို့အပြင် အကုသိုလ် အကြံ, ဝိတက်ကို ကြံစိနေလျှင် သော်၎င်း၊ အိပ်ပျော်နေလျှင်သော်၎င်း၊ မတိုးပွါးနိုင်ပါပေ၊ ပြုလုပ်ပြီးသော ကုသိုလ်ကောင်းမှုကို အာရုံပြု၍ အောက်မေ့ဆင်ခြင်လိုက်သော အခါမှာဖြစ်စေ, ပရိတ်တော်ပါဠိတော်တို့ကို ရွတ်ဆိုသောအခါမှာဖြစ်စေ စာသင်စာချသောအခါမှာဖြစ်စေ ဗုဒ္ဓဂယာ၌ ပြုခဲ့သော ကုသိုလ်ကောင်းမှု တို့သည် တဖန်ဖြစ်ပေါ်လာကြပြန်ပါသည်၊ အထူးအားဖြင့် မိမိရေးသား မှတ်တမ်းတင်ထားသော **“ ပုညပေါတ္ထက- ကုသိုလ်ကောင်းမှု စာရင်းစာအုပ်”** ကို ပြန်လည် ဖတ်ရှုသောအခါတွင်မူ ကုသိုလ်ကောင်းမှု တို့သည် တဖန်များစွာ တိုးပွါးလာပါတော့သည်။

ပုညပေါတ္ထကစာအုပ်၌ ကုသိုလ်ကောင်းမှု စာရင်း စရေးထိုက်ပုံ

ဘယ်နေရာမှာ ဘယ်ကုသိုလ်ကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ တန်ဘိုးနည်းသည် များသည်ဖြစ်စေ ထိုမိမိပြုထားသောနေရာနှင့် ကုသိုလ်ကောင်းမှုဟူသမျှကို စာအုပ်၌ ရေးသွင်းမှတ်သား ထားထိုက် ပေသည်၊ ယင်းသို့ မိမိပြုထားသမျှ ကုသိုလ်ကောင်းမှုတွေ ရေးသား ထားသော စာအုပ်ကို **“ ပုညပေါတ္ထက ”** ဟူ၍ခေါ်ရသည်၊ ကုသိုလ် ကောင်းမှု စာရင်းစာအုပ်,ကုသိုလ်ဒိုင်ယာရီစာအုပ်၊ စာဂါနုဿတိစာအုပ်, အပရစေတနာ တိုးပွါးစေသောစာအုပ်၊ ကုသိုလ်တွေ ပြန့်ပွါးစေသော စာအုပ်-ဟူ၍လည်း ဆိုနိုင်သည်။

သာသနာ့ဩဇာ ဒုဋ္ဌဂါမဏိစောဠမင်းကြီး

သီရိလင်္ကာနိုင်ငံ၌ သာသနာတော်နှစ် (၃၆၇) ခုနှစ်တွင် ပေါ်ထွက်ခဲ့သော ဒုဋ္ဌဂါမဏိအဘယ မင်းကြီးသည် ဘုန်းကံသမ္ဘာ အလွန် ကြီးမားတော်မူ၏၊ တိုင်းပြည်နှင့်သာသနာတော်ကို ပြုစုရမည့်ဘုန်း ကံကြောင့် မင်းအဖြစ်သို့ ရောက်လာရခြင်းဖြစ်၏၊ မင်းကြီးသည် ခမည်းတော် ကာကဝဏ္ဏိကာမင်း,

http://www.dhammadownload.com

မယ်တော် ဝိဟာရဒေဝီတို့၏ သွန်သင်ပြသ ဆုံးမမှုကြောင့် ငယ်ရွယ်စဉ် မင်းသားကလေးဘဝကပင် သံဃာတော်တို့အား စားဦးစားဖျားကို မလှူဒါန်းပဲ တစ်စုံတစ်ရာ အစာ အာဟာရကို မစားသုံးခဲ့ချေ၊ သံဃာတော်တို့အား လှူဒါန်းပြီးမှသာ စားလေ့ရှိ၏။

တိုင်းပြည်နှင့် သာသနာတော်အတွက် ဘုရားစေတီတန်ဆောင်း ကျောင်းကန် အဆောက်အဦး တို့ကိုလည်း များစွာ ဆောက်လုပ်လှူဒါန်း ခဲ့သည့် သာသနာပြုမင်းကောင်း မင်းမြတ် တစ်ပါးဖြစ်၏၊ မင်းကြီးပြုသော ကုသိုလ်ကောင်းမှုတို့တွင် မဟာစေတီတော်ကြီး၊ မရီစဝဋ္ဌိစေတီ၊ လောဟ ပါသာဒ ကြေးပြာသာဒ်ကျောင်းတော်ကြီးတို့ကား အလွန်ထင်းရှားလှသည်၊ မိမိပြုထားသော ကုသိုလ်ကောင်းမှု ဟူသမျှကိုလည်း **"ပုညပေါတ္ထက"** စာအုပ်၌ ရေးသွင်းမှတ်သားထားလေ့ရှိ၏၊ သာသနာ တော်အတွက် မင်းကြီးလှူဒါန်းသော ငွေပမာဏမှာ ကုဋ္ဌေပေါင်း (၁၀၄၉) တစ်ထောင့် လေးဆယ့်ကိုးကုဋ္ဌေ-ဖြစ်သည်၊ ထိုစာရင်းတွင် တန်းဘိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာတို့၏ တန်ဘိုးငွေများ မပါဝင်ချေ။

ဘဝနောက်ဆုံး အချိန်မြင်ကွင်း

မင်းကြီးသည် (၂၄) နှစ် နန်းစံပြီးနောက် ဉာဏ်တော်အတောင် (၁၂၀) မြင့်သော မဟာစေတီ တော်ကြီး အချောမပြီးသေးခင် (ထီးတော် မတင်ရသေးခင်) မှာပင် နတ်ရွာစံဘို့အချိန် ရောက်ရှိလာပါ သည်၊ မိမိကြည်ညိုလှသော မဟာစေတီတော်ကြီး၏ တောင်ဘက်ရင်ပြင်တော်၌ လဲလျောင်းလျက် မဟာစေတီတော်ကြီးကို ဖူးမျှော်လေရာ ဖူးမျှော်၍ မဝနိုင်အောင်ရှိလေ၏၊ ထိုအချိန်တွင် အပြည်ပြည် အရပ်ရပ်မှ ကြွလာကြသော ရဟန္တာမထေရ်ပေါင်း (၉၆) ကုဋ္ဌေတို့ကလည်း ရင်ပြင်တော် လေးဘက် လေးမုခ်လုံးအပြည့် သီတင်းသုံးတော်မူကြပြီး အစုလိုက် အဖွဲ့လိုက် တရားတော်ကို ရွတ်ဆိုချီးမြှင့် တော်မူကြ၏၊ မင်းကြီးသည် ထေရပုတ္တာဘယ ရဟန္တာမထေရ်၏ တရားတော်ကို နာယူပြီးသောအခါ မိမိဘဝ တသက်တာတွင်လှူဒါန်းထားသမျှ ရေးသားမှတ်တမ်းထားသော **"ပုညပေါတ္ထက- ကုသိုလ် ကောင်းမှု စာရင်းစာအုပ်"**ကို စာရေးအမတ်အား ဖတ်ကြားခိုင်းလေသည်၊ စာရေးအမတ်လည်း ကုသိုလ်ကောင်းမှုစာရင်းကို အစဉ်အတိုင်းဖတ်ပြ၏။

ပုညပေါတ္ထကစာအုပ်မှ ကုသိုလ်ကောင်းမှုစာရင်း

" မြတ်သောမင်းကြီး . . . အရှင်မင်းကြီးသည် သာနာတော်၏ အကျိုးစီးပွါးများ စိမ့်သောငှါ ကျောင်းတိုက်ကြီး (၉၉) တိုက်တို့ကို ဆောက်လုပ်လှူခဲ့ပါပြီ၊ (၁၉) ကုဋ္ဌေသော ဥစ္စာငွေတို့ဖြင့် မရီစဏ္ဍိ စေတီကိုတည်ခဲ့ပါပြီ၊ ကုဋ္ဌေ (၃၀)သော ဥစ္စာငွေတို့ဖြင့် လောဟ ပါသာဒ ကြေးပြာသာဒ်ကျောင်းတော်ကြီးကို ရေစက်ချခဲ့ပါပြီ " စသည်ဖြင့် ပုညပေါတ္ထက စာအုပ်၌လာသည့်အတိုင်း ကုသိုလ်ကောင်းမှု တို့ကို ဖတ်ကြားပြ၏၊ မင်းကြီးလည်း နားစိုက်ထောင် တော်မူ၏၊ စာရေး အမတ်လည်း ဆက်၍ဖတ်ကြားပြ၏။

" မြတ်သောမင်းကြီး-အရှင်မင်းကြီးသည် စူဋ္ဌဂ်ဏိယ အရပ်၌ ညီတော်တိဿနှင့် စစ်ဖြစ်ရစဉ်က အရေးမလှသဖြင့် ကျွန်ယုံတိဿနှင့် အတူထွက်ပြေးရပါသည်၊ တောတွင်းသို့

http://www.dhammadownload.com

ဝင်၍ ပုန်းအောင်းနေရစဉ် တယောက်စာ ထမင်းကို လေးဘို့ပြုစေ၍ အကုန်လုံးကို ဗောဓိမာတုမဟာတိဿမထေရ်အား ကိုယ့်အသက်ကို မငဲ့ကွက်ပဲ လှူဒါန်းခဲ့ပါပြီ "

မင်းကြီး အားရကြေနပ်သော အလှူ

စာရေးအမတ်က ဤအငယ်စား ကုသိုလ်တော်ကို ဖတ်ကြားပြသောအခါ ဒုဋ္ဌဂါမဏိမင်းကြီးက လက်ကာပြလျက် ဤသို့-မိန့်ဆိုတော်မူ၏. . .

" အစိုးရသောမင်း၏အဖြစ်၌ ငါလှူခဲ့သည့် ကုဋ္ဌေများစွာ တန်သော အလှူတော် ကုသိုလ်တော်ကြီးတွေဟာ ကြီးကျယ်လှပေမဲ့ ငါကိုယ်တော်စိတ်ထဲက နှစ်သက်မှု အားရမှု မရှိလှသေးဘူး၊ ဆင်းရဲဒုက္ခရောက်၍ ထွက်ပြေးရစဉ် တောထဲမှာ တယောက်စာ တထပ်စာ ဆွမ်းအလှူကိုသာလျင် ငါကိုယ်တော်မြတ် အလွန်အားရ ကျေနပ်ပြီး ဝမ်းအမြောက်ဆုံးပါပဲ "

ဤသို့မိန့်ကြားပြီး တုသိတာနတ်ပြည်မှ လာရောက်ပင့် ဆောင်သော နတ်ရထား၌ ပန်းကုံးကို ပစ်စေချိတ်ဆွဲစေ၍ မဟာ စေတီတော်ကို ဖူးမျှော်ရင်း နတ်ရွာစံ (စုတေ) သွားသောအခါ တုသိတာ နတ်ရထား၌ နတ်သားဖြစ်ရလေသည်။

ပုညပေါတ္ထကစာအုပ် ရေးသားထားရကျိုးများ

ဤဒုဋ္ဌဂါမဏိ အဘယဝတ္ထုလာ ဒုဋ္ဌဂါမဏိအဘယမင်းကြီး၏ **ပုညပေါတ္ထက**-ကုသိုလ်ကောင်းမှု စာရင်းစာအုပ် ရေးသားထားနည်းကို နည်းယူပြီး မိမိတို့လည်း ကုသိုလ်ကောင်းမှု စာရင်းစာအုပ်ကို ရေးသား ထားထိုက်ပေသည်၊ ထို **ပုညပေါတ္ထက**=ကုသိုလ်ကောင်းမှု စာရင်း စာအုပ်(ကုသိုလ်ဒိုင်ယာရီ)ကို ဒုဋ္ဌဂါမဏိအဘယ မင်းကြီးကဲ့သို့ သေခါနီးအချိန်မှာသာ အားကိုးအားထားပြုရသည် မဟုတ်ပေ။

အားလပ်သော အချိန်အခါတွင် **ပုညပေါတ္ထက**= ကုသိုလ် ကောင်းမှု စာရင်းစာအုပ်ကို ပြန်လည် ဖတ်ရှုခြင်းဖြင့် အပရစေတနာ ကုသိုလ် သဒ္ဓါတရားတွေ ဖြစ်ပွါးတိုးပွါး လာနိုင်ပေသည်။ သည်မျှသာ မကသေးပါ၊ နေထိုင်မကောင်းဖြစ်သော အခါတွင် ထို **ပုညပေါတ္ထက**= ကုသိုလ်ကောင်းမှု စာရင်းစာအုပ်ကို ဖတ်ရှုလျှင် ဝမ်းမြောက်မှု ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်လာပြီး ရောဂါဝေဒနာ များလည်း သက်သာ ပျောက်ကင်းနိုင်ပါသည်။

(ခြေတလှမ်း ကုဋ္ဌေတသန်းတန် ကုသိုလ်တော်များစာအုပ်မှ)
အရှင်နာရဒါဘိဝံသ (လှရတနာ)

http://www.dhammadownload.com

(၁၈)နှစ် ကုသိုလ်ခရီး

ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့ ဖြစ်ပေါ်လာခြင်း

ပထမအကြိမ် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့. (၃၃/၉၈) သည် ဘုရားဖူးပြီးစ အပြန်တွင် စုပေါင်းကံစမ်းကြရာ (၁၁၀) ကြိမ်မြောက် အောင်ဘာလေ ထီဖွင့်ပွဲတွင် (စ-၁၀၆၁၆၉) ဖြင့် (၈) သောင်းဆု ထီပေါက်လေသည်၊ ထိုတွင် (၄) သောင်းကျပ်ကို ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ပစ္စည်းလေးပါး ပဒေသာပင်အဖြစ် စိုက်ထူ လှူဒါန်းခဲ့သဖြင့် ယခုအခါတွင် အသီးအပွင့်များ တိုးပွားလျက်ရှိနေပါပြီ။ ကံစမ်းမဲ ထီပေါက်သဖြင့် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ပစ္စည်းလေးပါးပဒေသာပင် စိုက်ထူ လိုက်ခြင်းသည် **" ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့."** ဖြစ်ပေါ်လာခြင်း၏ သန္ဓေတည်မှုပင်ဖြစ်သည်၊ ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့ဝင် အများစုသည် လှရတနာဆရာတော်နှင့် ရင်းနှီးခင်မင် ဆက်စပ်သော ဒကာ+ဒကာမများဖြစ်ကြ၏၊

ညောင်တုန်းတိုက်တွင် ဝါဆိုပွဲ,ကထိန်ပွဲစသည့် သာသနာရေး ဆိုင်ရာပွဲတို့၌လည်း ဆုံတွေ့နေကြဖြစ်၏၊ ညောင်တုန်းတိုက် လှရတနာ ကျောင်း နေရာဌာနသည်လည်း သွားရေးလာရေး လွယ်ကူစွာ ဝင်ထွက် သွားလာနိုင်သော နေရာဌာန ဖြစ်၏၊ ဗုဒ္ဓဂယာသို့ (၁၄) ရက်တိုင်တိုင် ဘုရားဖူးအတူသွားလာကြရင်း ကုသိုလ်ကောင်းမှုပြုခဲ့ကြသဖြင့် ခင်မင် ရင်းနှီးမှုကလည်း ခိုင်မြဲလာကြ၏၊ အချင်းချင်းလည်း ရိုင်းပင်း ကူညီစောင့်ရှောက်ကြ၏၊ မကြာခဏ ကုသိုလ်ပြုတိုင်းလည်း အချင်းချင်း ဖိတ်ကြားခဲ့ကြ၏၊ ဤသို့သောအကြောင်းတို့ကြောင့် **"ဗုဒ္ဓဂယာ ပုညသဟာယအဖွဲ့."** ဟူ၍ ဖြစ်ပေါ်လာရသည်။

http://www.dhammadownload.com

ထူးခြားဝေသာ ဘုရားဖူးအဖွဲ့

တခြားဗုဒ္ဓဂယာဘုရားဖူးပုဂ္ဂိုလ်တို့သည် ဘုရားဖူးပြန်လာပြီး သည့်နောက်တွင် အဖွဲ့အနေနှင့် အတူတွေ့ဆုံမှု ကုသိုလ်ကောင်းမှုပြုမှု မရှိကြတော့ပေ၊ ဤ အဖွဲ့သည်သာ ဘုရားဖူးအဖွဲ့ဝင်တွေ စုံညီစွာ ဘာသာရေး သာသနာရေး ကိစ္စရှိတိုင်း တွေ့ဆုံကြ၏၊ စိတ်တူကိုယ်မျှ အတူကုသိုလ်ပြုကြ၏၊ ဤ အကြောင်းနှင့်စပ်၍ ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင် ပေးနေသော စီးပွါးကူးသန်း ဝန်းကြီးဌာနမှ အရာရှိကြီးတစ်ဦးက ဤသို့ပြောကြားခဲ့လေသည်။

"ကျွန်တော်လည်း ဗုဒ္ဓဂယာဘုရားဖူးပြန် တခြားပုဂ္ဂိုလ် တွေနဲ့ ရင်းနှီးပါတယ်၊ ဒါပေမဲ့ သူတို့အနေနဲ့ ဗုဒ္ဓဂယာမှ ပြန်လာပြီးတဲ့နောက် အဖွဲ့အနေနဲ့ ညီညီညွတ်ညွတ် စုစုစည်းစည်း တွေ့ဆုံမှု ကုသိုလ်ပြုမှု မရှိကြတော့ဘူး၊ ဦးကြည်ဝင်းတို့ (၃၃/၉၈) ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ တစ်ဖွဲ့ကိုပဲ ဒီလိုအဖွဲ့အနေနဲ့ စုစည်း ညီ ညွတ်စွာ တွေ့ရပါတယ်"

ထို့အပြင် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကိုလည်း ဘုရားဖူး သွားခဲ့သော ဖေဖော်ဝါရီလတွင် နှစ်စဉ်မပျက် ကျင်းပလာခဲ့ကြသည်၊ အလှူငွေများကိုထည့်ဝင်ကြပြီး သံဃာတော်အရှင်မြတ်တို့အား ဆွမ်း ကပ်ကြသည်၊ အဖွဲ့ဝင်များစုံလင်စွာ တက်ရောက်လျက် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်မှ အောက်မေ့ အမှတ်ရဖွယ် စကားတို့ကို ပြောဆိုကြရ မိတ်ဆုံစားပွဲအဖြစ် စားသောက်ကြရသည်မှာ ပျော်စရာ ပင်ဖြစ်သည်။

ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ဟူသည် ဘုရားဖူး ဓမ္မမိတ်ဆွေပုဂ္ဂိုလ် အချင်းချင်းကိုသာ အပေါင်းအဖော်အဖြစ် လက်တွဲခဲ့သည် မဟုတ်ပေ၊ ပုညသဟာယကဟူသော နာမည်နှင့် လျော်ညီစွာ ကောင်းမှုကုသိုလ်ကိုပါ လက်တွဲလာခဲ့ပေသည်၊ ပုဂ္ဂိုလ်အပေါင်းအဖော် ကုသိုလ်ဓမ္မ အပေါင်းအဖော် အားဖြင့် လက်တွဲလာခဲ့သော အဖွဲ့ဖြစ်ပေသည် ကုသိုလ်ကောင်းမှု သာသနာပြု ကိစ္စကြုံတိုင်း အတူလက်တွဲလျက် ပြုလုပ်လာခဲ့ကြသည်။ ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့အနေဖြင့် (၁၈)နှစ်တာ အတွင်း ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့ကို အကျဉ်းချုပ်လိုက်လျှင် ဖော်ပြပါအတိုင်း တွေ့ရပါသည်။

မဟာကုသိုလ်ဇတော်များ

၁။	၂၀၀၂-ခုနှစ်တွင်	စွယ်တော်ရတနာစေတီ
၂။	၂၀၀၈-ခုနှစ်တွင်	သီရိရတနာမြတ်စွယ်တော်
၃။	၂၀၁၃-ခုနှစ်တွင်	ဆံတော်ရတနာစေတီ
၄။	၂၀၀၇-ခုနှစ်တွင်	အနန္တဇိန ဗုဒ္ဓခြေတော်ရာပါဒစေတီ
၅။	၂၀၀၈-ခုနှစ်တွင်	သီရိလင်္ကာနိုင်ငံ ဆွာရဏကျိုတ္တိယစေတီ ပင်မစေတီရွှေထီးကြီး
၆။	၂၀၁၅-ခုနှစ်တွင်	အရံစေတီ (၄)ဆူ ရွှေထီး
၇။	၂၀၀၉-ခုနှစ်တွင်	ဆွာရဏကျိုတ္တိယစေတီ တံခွန်တိုင်

http://www.dhammadownload.com

၈။	၂၀၀၆-ခုနှစ်တွင်	အိန္ဒိယနိုင်ငံ သက်သနဂိုရ်မြို့ သီရိပါဒ ခြေတော်ရာကျောင်း
၉။	၂၀၁၄-ခုနှစ်တွင်	နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ကျောင်းဆောင် နှင့်တကွလှရတနာ မဟာဗောဓိညောင်ပင်
၁၀။	၂၀၁၂-ခုနှစ်တွင်	မဟာသမယ (၈)ခက်း ကမ္ဘဝါအစုံ (၁၀၀၀)ကျော်
၁၁။	၂၀၀၅-ခုနှစ်တွင်	အဘိဓဇ မဟာရဋ္ဌဂုရု ပူဇော်ပွဲ၌ မျက်နှာသုတ် တဘက်ကြီးများ (၁၀)သိန်း (၅)သောင်း
၁၂။	၂၀၀၁-ခုနှစ်တွင်	ဓမ္မဓရကျောင်းအလှူ (၆)သောင်း
၁၃။	၂၀၀၃-ခုနှစ်တွင်	စွယ်တော်စေတီ မှန်ပြဿာဒ်ကျောင်းဆောင် (၄)သိန်း (၅)သောင်း
၁၄။	၂၀၀၇-ခုနှစ်တွင်	အဘိဓဇကျောင်းအလှူ (၁၆)သိန်း
၁၅။	၂၀၀၆-ခုနှစ်တွင်	အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ+ကုသိနာရုံ+သက်သနဂိုရ် တို့၌ ရေခွက်ပေါင်း (၈၄၀၀၀)
၁၆။	၂၀၁၄-ခုနှစ်တွင်	မြန်မာနိုင်ငံ မဟာဝိဇယစေတီ၌ ရေခွက် (၈၄၀၀၀) နှင့် ပန်းပွင့်ပေါင်း (၈၄၀၀၀)
၁၇။	၂၀၁၂-ခုနှစ်တွင်	ရခိုင်ပြည်နယ် အရေးအခင်းတွင် (၁၇)သိန်း
၁၈။	၂၀၁၂-ခုနှစ်တွင်	စစ်ကိုင်း၊မန္တလေး၊ မြေငလျင်ဘေးကြောင့် ဘုရား စေတီများ ပြုပြင်ရန် (၆၃)သိန်း
၁၉။	၂၀၁၃-ခုနှစ်တွင်	ရှမ်းပြည်နယ် ပေါ့နော်+ပေါ့ပဲကျေးရွာတို့၌ ရေရှိရှင်း သိန်း(၅၀)
၂၀။	၂၀၀၈-ခုနှစ်တွင်	နာဂစ်မုန်တိုင်းဘေး သင့်ကြသည့် လပွတ္တာမြို့ ဖျာပုံမြို့တို့၌ သိန်း (၈၀)
၂၁။	၂၀၁၅-ခုနှစ်တွင်	ရှေဘေးသင့် အညာဒေသမြို့ရွာတို့၌ သိန်း (၉၀) ကျော်နှင့် သင်္ကန်းအစုံပေါင်း (၄၅၀)
၂၂။	၂၀၀၉-ခုနှစ်တွင်	ညောင်တုန်းတိုက်၌ ဆေးပဒေသာပင် (၁၇၈၀၀၀)
၂၃။	၂၀၁၆-ခုနှစ်တွင်	ညောင်တုန်းတိုက်၌ လျှက်စစ်မီး ပဒေသာပင် (၁၄၇၁၇၀၀)

ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ အနေဖြင့် (၁၈)နှစ်အတွင်း ပြုထားခဲ့သော ဤမဟာကုသိုလ်တော်များကို ပြန်လည်အောင့်မေ့ သတိရ ဆင်ခြင်ခြင်းဖြင့် အပရစေတနာများ ဖြစ်ပွားလာပြီး စာဂါနုဿတိ ကုသိုလ်များ တိုးပွားလာနိုင်ပေသည်။ထို့အပြင် ဖတ်ရှုကြသူ ကြားနာရသူတို့သည်လည်း သာဓုခေါ်လျက် ဝမ်းမြောက်ခြင်း မုဒိတာကုသိုလ်များ ရရှိနိုင်ပေသည်။

အရှင်နာရဒါဘိဝံသ (လှရတနာ)

http://www.dhammadownload.com

ဘုရားလည်နှင့် ဘုရားဖူး

ဗုဒ္ဓစကား

ချစ်သားအာနန္ဒာ ..နောင်အခါ သဒ္ဓါတရား ရှိကုန်သော ရဟန်းဒါယကာ ဒါယကာမ တို့သည် ဘုရားရှင်မွေးဖွားရာ လုမ္ပိနီဌာန၊ ဘုရားအဖြစ်သို့ ရောက်ရာ မဟာဗောဓိဌာန၊ ဓမ္မစကြာ ဟောကြားရာ မိဂဒါဝုန်ဌာန၊ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံ ဌာနသို့ လာရောက် ဖူးမြော်ကြလိမ့်မည်။

ချစ်သားအာနန္ဒာ ..ထိုသံဝေဇနိယ (၄)ဌာန စေတီပုထိုး တို့ကို ဖူးမြော်လှည့်လည် သွားလာ ကြကုန် သော ဘုရားဖူးသူ တို့သည် ကြည်ညိုစိတ်ဖြင့် ကွယ်လွန် ကြကုန်လျှင် နတ်ပြည် သုဂတိသို့ ရောက်ကြရကုန်လတ္တံ့။ *(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)*

ဘုရားဖူးသွားနည်း (၂) မျိုး

ဤ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်လာ ဘုရားစကားတော် အရ ကမ္ဘာအရပ်ရပ်မှ ပရိသတ်တို့သည် သံဝေဇနိယ (၄)ဌာနကို ဖူးမျှော်ကြရန် စိတ်ရည်သန်ပြီးအိန္ဒိယနိုင်ငံ နီပေါနိုင်ငံတို့သို့ သွားကြသည်၊ ဤသည်ကိုပင် ဗုဒ္ဓဂယာ ဘုရားဖူးသွားသည်ဟု ဆိုရသည်၊ ဘုရားဖူးသွားရာ၌ အကျိုးမများသော ဘုရားဖူး သွားနည်းနှင့် အကျိုးများသော ဘုရားဖူးသွားနည်းဟူ၍ (၂)မျိုး ကွဲပြားသည်၊ ထို(၂)မျိုးတွင် အကျိုးမများသော ဘုရားဖူးသွားနည်းကို **"ဘုရားလည်"** ဟုခေါ်ကြပြီး အကျိုးများသော ဘုရားဖူး သွားနည်းကိုမှ **"ဘုရားဖူး"** ဟုဆိုကြသည်။

http://www.dhammadownload.com

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ခွင့်ရဖို့မှာ အကြောင်းတရားတွေ ညီညွတ်ပေါင်းဆုံမှသာ ဖြစ်နိုင်ပါသည်၊ အကြောင်း တရားတို့ မညီညွတ်မပေါင်းဆုံလျှင် မည်သို့ပင် သွားချင်သည်ဖြစ်စေ မည်မျှပင်ချမ်းသာ ကြွယ်ဝသည်ဖြစ်စေ ဗုဒ္ဓဂယာသို့ မရောက်နိုင်ပါ၊ ဤစာရေးသူနှင့် ရင်းနှီးသော ဒါယိကာမတစ်ဦးဆိုလျှင် စာရေးသူက ခေါ်သဖြင့် ငွေကြေးချမ်းသာကြွယ်ဝပြီး အလွန်လိုက်ချင်ပါသော်လည်း အကြောင်းမညီညွတ်သဖြင့် ယခုအချိန်ထိ မလိုက်နိုင်ရှာပေ၊ စာရေးသူကား အကြောင်းညီညွတ်သဖြင့်(၅)ကြိမ်တိုင်တိုင် ရောက်ခဲ့ရသည်၊ အကြောင်းတရားတို့ ဟူသည် အလွန်ဆန္ဒပြင်းပြခြင်း၊ စီးပွားရေးငွေကြေးပြေလည်ခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ လိုက်ပါနိုင်ဖို့ အချိန်ပေးနိုင်ခြင်း၊ ကုသိုလ်ကံပါရှိခြင်းစသော အကြောင်းတရားတို့ ဖြစ်ပေသည်။

ယင်းသို့သော အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ပါမှ ဗုဒ္ဓဂယာသို့ သွားခွင့်ရကြသဖြင့် အလွန်ရခဲလှသည့် အခွင့်အရေး ပင်ဖြစ်သည်၊ ထိုရခဲလှသော အခွင့်အရေးကို ပေါ့ပေါ့တန်တန် သဘောမထားပဲ လေးလေးနက်နက် တန်ဖိုးထားရန် လိုအပ်လှပေသည်။

ဘုရားလည်မျှား

သို့သော် သွားသည့်ပုဂ္ဂိုလ်တိုင်း လေးလေးနက်နက် တန်ဖိုးထားကြပါသလား . .။။ တချို့ကား စတိုင်လ်ဖြင့် သာမန် အလည်အပတ်ခရီးစဉ်မျိုး သဘောထားကာ သွားကြ၏၊ တချို့ကလည်း စပွန်ဆာပေးပြီး အပို့ခံရသဖြင့် ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ပုံစံမျိုးဖြင့် လှည့်ပတ်ကြ၏၊ တချို့ကမူ ဘုရားဖူးရင်းလိပ်ညတူးဆိုသည့် စကားအတိုင်း ပစ္စည်းဝယ် ထွက်သည့်ပုံစံမျိုးဖြင့် သွားလာကြ၏၊ ထို့အပြင် တစ်နေရာမှ တစ်နေရာသို့ သွားကြရာ ကားပေါ်တွင် ရဟန်း သံဃာနှင့် အရွယ်ကြီးသူတို့ကို ဦးစားမပေးပဲ ထိုင်ခုံနေရာလုကြ၏၊ တည်းခိုသည့်ကျောင်းသို့ ရောက်လျှင်လည်း နေရာအခန်း လုကြပြန်၏၊ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်စားရုံမျှမက စျေးဝယ်ရာ၌ပင် ပြိုင်လိုက်ကြသေး၏။

ဖူးမျှော်ရမည့် သံဝေဇနိယ နေရာထူး နေရာမြတ်သို့ ရောက်ရှိ နေပါပြီ၊ ပုဆိန်ပေါက် ဦး(၃)ကြိမ်တော့ ချလိုက်သည်၊ ဂိုက်ပုဂ္ဂိုလ်က နေရာထူးနေရာမြတ်၏ သမိုင်းကြောင်းကို ရှင်းပြလျက်ရှိသည်၊ သို့သော် တချို့ဘုရားဖူးပုဂ္ဂိုလ်တို့ကား စကားပြောနေကြ၏။ တချို့က ဓာတ်ပုံရိုက်နေကြပြီး တချို့က အလှဓာတ်ပုံ အရိုက်ခံနေကြ၏၊ ထိုအခါ တိုးအဖွဲ့က ပင့်ထားသဖြင့် ဂိုက်လုပ်နေသော တက္ကသိုလ်တစ်ခုမှ စာသင်သား ဦးပဉ္စင်းတပါးသည် စိတ်ဆိုးပြီး ဤသို့ပြောချ လိုက်တော့၏။

"ဂိုက်က ကျုပ်ပါဗျ၊ ကျုပ်ပြောတာကို နားထောင် ကြမှာလား၊ ခင်ဗျားတို့ဘာသာ စကားပြော နေကြမှာလား"

http://www.dhammadownload.com

ဤသို့သော မြန်မာဘုရားဖူးအဖွဲ့၏ မြင်ကွင်းမှာ အလွန်ရှက် စရာ ကောင်းလှပါသည်၊ ထိုင်း၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဂျပန်စသော ဘုရားဖူးအဖွဲ့တို့မှာ သူတို့ဂိုက်ပြောသည့်စကားကို ရိုသေငြိမ်သက်စွာ နားထောင်ကြ၏။ ဂိုက်ရှင်းပြပြီးမှ စကားပြောကြ ဓာတ်ပုံရိုက်ကြသည်မှာ အတုယူစရာကောင်းလှသည်။

ဤသို့သော ဘုရားဖူးပုဂ္ဂိုလ်မျိုးကို တက္ကသိုလ် စာသင်သား သံဃာတို့က **"ဘုရားလည်"** ဟုဆိုကြသည်၊ စာရေးဆရာကြီး အီကြာကွေးကလည်း စာပေဟောပြောပွဲ တပွဲတွင် ပြောပြခဲ့ဖူးသည်။

"ဘုရားမြတ်ထံပါးဝယ် လျှောက်လယ်ကြတယ်၊ နှစ်ယောက်သားတွဲလို့ ယင်ပြင်ပေါ်ဝယ်၊ ဘဝသံသရာ အဆက် ဆက် မပျက်တမ်းပေါင်း ပေါင်းရစေသားလို့ ဆုပန်ခွယ်ကြသေးတယ်၊ "

အထက်ပါ အဆိုတော်ထား၏ **"သံသရာတကွေ့ဝယ်"** သီချင်းကိုဆိုပြပြီး ယင်းသီချင်းထဲမှ "ဘုရားမြတ်ထံပါးဝယ် လျှောက်လယ်ကြတယ်"ဆိုတဲ့စာသားအတိုင်း ဘုရားမဖူးပဲ ဘုရားအနီးအပါးမှာလျှောက်လယ်ကြတယ်၊ ဘုရားလယ်ကြတယ် ဟူ၍ ပြောပြခဲ့လေသည်။

ယင်းသို့သော **"ဘုရားလည်ပုဂ္ဂိုလ်များ"**ကွယ်လွန်လျှင် သံဝေဇနီယ (၄)ဌာနကို ဖူးမျှော်ခဲ့ပြီးသား ဗုဒ္ဓဂယာပြန်ပင် ဖြစ်သော်လည်း အပါယ်မပိတ်ပါ။ သေခါနီးဝယ် ဖြစ်ပေါ်သည့် စိတ်အား ကံအား လျော်စွာ ဆိုင်ရာဘုံဘဝသို့ ရောက်သွား ပါလိမ့်မည်၊ ဤသည်ကို မသိရှာသော စာနယ်ဇင်းသမားတစ်ဦး ပြောသော စကားမှာ-

"ကျွန်တော်တို့တော့ ကုမ္ပဏီတစ်ခုက ဝို့ပေးလို့ ဗုဒ္ဓဂယာကို ရောက်ခဲ့ပြီ၊ တလမ်းလုံး ပျော်လိုက်တာဗျာ၊ ဗုဒ္ဓဂယာက ပြန်လာပြီမို့ အပါယ်လဲ ဝိတ်သွားပြီဗျာ " ဟူ၏။

ဘုရားမူးပုဂ္ဂိုလ်

အကျိုးများသော ဘုရားဖူးသွားနည်းဟူသည် အဘယ်ပါနည်း ဆိုခဲ့ပြီးသော အကြောင်းတရားတို့ပေါင်းဆုံ ညီညွတ်ပါမှ ဗုဒ္ဓဂယာသို့ သွားနိုင်ကြသဖြင့် သွားခွင့်ရသော ပုဂ္ဂိုလ်တို့သည် ကံထူးရှင်ကုသိုလ်ရှင်တို့ ဖြစ်ကြသည်၊ ထိုကံထူး ရှင်တို့သည် ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်ကို ပေါ့ပေါ့တန်တန် မသွားကြပေ၊ မသွားခင် တစ်လလောက် ကပင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုမည့် အစီအစဉ်ကို ကြိုတင် ရေးဆွဲကြ၏၊ ဘုရားဖူးသွား သည့်အခါမှာလည်း လေးလေးနက်နက် တန်ဖိုးထားလျက် ကုသိုလ်ကောင်းမှုကို ပြုကြ၏။

အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်မြို့ သီတဝနတောရ ကျောင်း၌ သီတင်းသုံးသည့် ဘုရားရှင်ထံသို့ သွားရာ၌ **" ဗုဒ္ဓေါ ဗုဒ္ဓေါ-မြတ်စွာဘုရား မြတ်စွာဘုရား"** ဟူ၍ ရွတ်ဆိုပြီး ဘုရားဖူးသွား

http://www.dhammadownload.com

ခဲ့လေသည်၊ မဟာကပ္ပိနမင်းကြီးကား ဂုဏ်တော်(၉)ပါး ထဲမှ **"သမ္မာသမ္ဗုဒ္ဓဂုဏ်တော်"**ကို ရွတ်ပွား လျက် သစ္စာပြုခါ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ဘုရားဖူးသွားခဲ့ပေသည်၊ ရှေးဆရာတို့ကမူ ဘုရားဖူး သွားရာ၌ ဤသို့သော စိတ်ထားဖြင့် ဆင်ခြင်လျက် သွားကြပါသည်။

ဣတိ ဝဏ္ဏေန သီလေန၊ စျာနာ ဉာဏာ သမဂီနံ။
သဒေဝလောက ပူဇေယျံ၊ ပဿိဿာမိ အဟံ ဇိနံ။

အတုမရှိသော ရုပ်ရည်အဆင်းတော်၊ စတုပါရိသုဒ္ဓိ သီလတော်၊ စျာန်သမာပတ်တော်၊ ဉာဏ် ပညာ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော နတ်လူဗြဟ္မာ သတ္တဝါတို့ အမြဲမပြတ် ပူဇော်အပ်သည့် ငါးမာန်အောင်မြင် ဘုရားရှင်ကိုဎင်း၊ ထိုဘုရားရှင်၏ ရုပ်ပွားဆင်းတု ဥဒ္ဒိဿစေတီ၊ ဝဇိရစိန်ကဲ့သို့ မပြိုကွဲနိုင်သော ဓာတုစေတီ၊ သုံးဆောင်ခဲ့ရာ ပရိဘောဂစေတီ၊ ခြေတော်ချခဲ့ရာ ပါဒစေတီတော်ကို ရှေးကံထောက်မလို့ ဖူးတွေ့ရပေတော့မည်တကား။

ယခုခေတ်တွင် တစ်နေရာမှတစ်နေရာသို့ ကားဖြင့် စထွက်ရာ၌ ဘုရားဖူးများ ခရီးသွား အန္တရာယ်ကင်းရန် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေတို့ကို သံပြိုင်ညီညာရွတ်ဆိုခါ သွားကြသည်မှာ အလွန်ကောင်းလှပါသည်၊ ကားဘီးစလှိမ့်တိုင်း လှိမ့်တိုင်း အားလုံးရွတ်ဆိုသင့်ပါသည်၊ တိုးအဖွဲ့က စီစဉ်ပေးလို့သာ ရွတ်ဆိုရတာဟု သဘောမထားပဲ ဘုရားဖူးများ ကိုယ်တိုင်ကပင် စိတ်ပါလက်ပါ ရွတ်ဆိုထိုက်ပေသည်၊ စာရေးသူတို့အဖွဲ့ ဘုရားဖူး သွားစဉ်ကလည်း ခရီးသွား အန္တရာယ်ကင်း ဘုရားရှိခိုး မေတ္တာပို့ အမျှဝေတို့ကို ရွတ်ဆို ကြပါ၏၊ သို့သော် ကားဘီးသည် နေရာ သုံးနေရာတွင် သုံးကြိမ် တိုင်တိုင် ပေါက်သွား၏၊ ထိုအခါ စစ်တွေမြို့မှ ဘုရားဖူး ဦးကျော်သိန်းအောင်သည် နေရာမှထကာ ဤသို့အော်ပြောပါ တော့သည်၊

"ဒီဘုရားဖူးတွေထဲမှာ တချို့ပုဂ္ဂိုလ်တွေ ဘုရားစာကို မရွတ်ကြဘူး၊ မပြောချင်လို့ ကြည့်နေတာ၊ သိတယ်နော်၊ စိတ်ပါလက်ပါ အားလုံးပဲ ရွတ်ဆိုကြပါ "

ဦးကျော်သိန်းအောင်သည် ကားစီးရင်း ဘုရားစာကို ရွတ်ဆိုရသည့်အခါတွင် စိတ်ပါလက်ပါ ရွတ်ဆိုပါသည်၊ ရောက်သည့်ဘုရားစေတီနေရာတိုင်း နေရာတိုင်းမှာ ဂိုက်က သူ့နေရာနှင့်သူ လိုက်ဖက် သော ဘုရားရှိခိုးများ သံဝဂစာများကို ရွတ်ဆိုစေလျက် မေတ္တာပို့ အမျှဝေစေသည်ကိုလည်း ထက်သန် စွာ လိုက်ပါပြုလုပ်လေ့ရှိသည်၊ ဂိုက်ကရှင်းပြသည့်အခါ ရိုသေငြိမ်သက်စွာ နားထောင်ရုံမျှမက သူ့ရဲ့ ကက်ဆက်လေး ဖြင့်ပင် ဖမ်းယူ အသံသွင်းထား လိုက်သေး၏၊ ကားပေါ်မှာ ဘုရားစာ ရွတ်ပြီးတဲ့အခါ ပြန်လည်နားထောင်သည်ကို တွေ့ရသည်၊ ရောက်လေရာ နေရာတိုင်းမှာလည်း တရားထိုင် ပါသည်၊ ဗုဒ္ဓဂယာတွင်မူ ဒုလ္လဘ ရဟန်းပင် ဝတ်လိုက်သေး၏၊ စာရေးသူက ပရိက္ခရာလှူဒါန်းခွင့် ရပါသည်။

http://www.dhammadownload.com

ဦးကျော်သိန်းအောင်၏ ဗုဒ္ဓဂယာဘုရားဖူး သွားခြင်းကား အနာထပိဏ်သူဌေးကြီးကဲ့သို့ အကျိုးများသော ဘုရားဖူးသွားနည်း ပင်ဖြစ်သည်၊ ခြေတစ်လှမ်း ခြေတစ်လှမ်းသည် ကုဋ္ဌေတစ်သန်း တန်ပေသည်၊ ခြေလှမ်းတိုင်း လှမ်းတိုင်း ကုသိုလ်တရားပေါင်း (၅၆)ပါးတို့ကို ရရှိနေပေသည်၊ ဤသို့သော ဘုရားဖူးသွားနည်းကို ရည်ရွယ်၍ သိဝနတ်ဘီလူးက အနာထပိဏ်သူဌေးကြီးအား အောက်ပါအတိုင်း တိုက်တွန်းထားခြင်းဖြစ်ပေသည်။

သတံ ဟတ္ထီ သတံ အဿာ ၊ သတံ အဿတရီရထာ ။

သတံ ကညာသဟဿာနိ ၊ အာမုက္ကမဏိကုဏ္ဍလာ ။

ဧကဿ ပဒဝီတိဟာရဿ ၊ ကလံ နာဂ္ဃန္တိ သောဋ္ဌသိ ။

"အို - အနာထပိဏ်သူဌေးကြီး -- မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သင်္ချာတွက်ကိန်း ဆင်တစ်သိန်း မြင်းတစ်သိန်း အဿတိုရ်မြင်း ကဆင်ထားသည့် ရထားတစ်သိန်း တို့သည်၎င်း၊ ပတ္တမြားနားဋ္ဌောင်း သွယ်ပြောင်းစုံလင် တန်ဆာဆင် ထားသော အပျိုစင်အမျိုးသမီး တစ်သိန်း သည်၎င်း၊ မြတ်စွာ ဘုရားရှင်ထံသို့ အရောက်သွားမည့် အရှင်သူဌေးကြီး ခြေတစ်လှမ်း၏ နှစ်ရာ့ငါးဆယ်ခြောက်စိတ် စိတ်၍ တစိတ်ကိုမှ မထိုက်တန် မမီကြပေ၊ အို-အနာထပိဏ်သူဌေးကြီး ရှေ့သို့သာတက် ဆက်၍သွားပါလေ၊ နောက်သို့ ပြန်မလှည့်ပါနှင့်၊ သင်သူဌေးကြီးအဖို့ရာ ရှေ့သို့ သာတက် ဆက်၍သွားခြင်းကသာ မြတ်လှပါသည်၊ နောက်သို့ ပြန်လည်သွားခြင်း သည်ကား မမြတ်လှပါ-သူဌေးကြီး "

သုဗောဓာလင်္ကာရကျမ်း၌လည်း ဘုရားရှင်လက်ထက် တော်အခါက သူတော်ကောင်းပုဂ္ဂိုလ်များ ဘုရားဖူးသွားပုံကို ဤသို့ ဖော်ပြထားပါသည်။

ပဿန္တာ ရူပဝိဘဝံ ၊ သုဏန္တာ မဓုရံ ဂိရံ။

စရန္တိ သာဓူ သမ္ပုဒ္ဓ ၊ ကာလေ ကေဋိပရမ္ပုခါ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက တရားချစ်ခင် သူတော်စင်တို့သည် ဘုရားရှင်၏ ရူပနိကာယ် တင့်တယ်သပ္ပါယ်ပုံကို ကြည့်ရှုမဝ ဖူးမြော်ကြပြီး သာယာချေင် တရားသံကို ရိုသေလေးစား နာကြားကြကုန်လျက် ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကာ လှည့်လည်ကြ ကုန်၏။

ဗုဒ္ဓဂယာသို့ သွားသည့်ပုဂ္ဂိုလ်တို့သည် " ဘုရားလည် "များ မဟုတ်ကြပဲ " ဘုရားဖူးများ " ဖြစ်ကြပါစေ၊ ခြေတစ်လှမ်း ကုဋ္ဌေတစ်သန်းတန်အောင် အကျိုးရှိစွာ ဘုရားဖူးနိုင်ကြပါစေ ဟူ၍ မေတ္တာဆန္ဒပြုရပါသည်။ *(အမြတ်ဆုံး နှလုံးသားမှ အမြတ်ဆုံးဘုရားများ စာအုပ်မှ)*

အရှင်နာရဒါဘိဝံသ (လှရတနာ)

http://www.dhammadownload.com

ဘုရား(၉)ဆူ ပူဇော်နည်း

ဤဘုရား(၉)ဆူ ပူဇော်ရေးကိစ္စ၌ ရှေးကရှိသော ပေဒင်ကိန်းခန်း ဓလေ့ ထုံးစံဖြင့် ဆောင်ရွက်ဖို့ ငွေအကုန်အကျများ၏၊ တာဝန်လည်းကြီးလေးလှ၏၊ တစ်ဘဝမှာ တစ်ကြိမ်ပင် ဆောင်ရွက်နိုင်ဖို့ အလွန်အမင်း ခဲယဉ်းလှပေသည်၊ ကုသိုလ်ဖြစ်ခွင့်လည်း မရနိုင်တော့ချေ၊ ခက်ခဲလှသော မဟာဒုလ္လဘ ကြီးတစ်မျိုး ဖြစ် ၍နေချေသည်။

ဖော်ပြပါစကားမှာ သဗ္ဗညုတဉာဏ်တော်ကျမ်းပြု ပုသိမ်ကြီးဆရာတော် အရှင်အရိယဝံသ၏ မှတ်ချက်စကား ဖြစ်သည်၊ ဘုရား(၉)ဆူ ပူဇော်နည်းတို့ကို လေ့လာကြည့်ရာ၌ ဆရာကြီး ဦးဆန်းထွန်း၏ **"လိုရာသုံး ဂါထာမန္တာန်များ"** စာအုပ် လာနည်းနှင့် ပုသိမ်ကြီးဆရာတော်၏ **"သဒ္ဓေပ နဝဝုဒ္ဓ ပူဇနိယကျမ်း"**လာ နည်းတို့မှာ အလွန်ကျဉ်းလွန်းနေသည်ကို တွေ့ရ၏၊ ရွှေတောင် ကျိုက်သဲလေးထပ် ဆရာတော်၏ **"သဇ္ဇနဝိလာသနီကျမ်း"**နှင့် စစ်တောင်းမြို့စား မင်းလှမင်းကျော်၏ "နဝဝုဒ္ဓ ပူဇနကျမ်း"လာ နည်းတို့မှာမူ အလွန်ကျယ်ဝန်းနေပြန်၏၊ သို့ဖြစ်၍ ဤဒွိမကျဉ်းမကျယ်သော နည်းဖြင့် စီစဉ်ထားပါသည်။

ရှေးဆရာတို့စီစဉ်ထားသော ဘုရား(၉)ဆူ ပူဇော်နည်းလာ ဂါထာတို့သာ ဖြစ်ကြ၏၊ ဤ၌မူ ဘုရားဟောပါဠိတော်များကိုပါ ထည့်သွင်းထားသဖြင့် ပူဇော်ရသည်မှာ ပို၍လေးနက်မှုရှိပါသည်၊ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်ရာ၌ကား မိမိတို့ အဆင်ပြေသလို ကပ်လှူနိုင်ပါသည်၊ ဘုရား(၉)ဆူ ပူဇော်သော ပါဠိဂါထာတို့မှာ ဘုရားရှင် နှင့် သံဃာတော်တို့၏ ဂုဏ်တော်များဖြစ်ကြ၍ ရဟန်း,ရှင်,လူ မည်သူမဆို ပုဂ္ဂိုလ်တိုင်း ရွတ်ဖတ်နိုင်ပါသည်၊ ထို့ အပြင် **"ဣစ္ဆေဝ မစ္စန္တ နမဿနေယျံ"** ဟူသော ဝိနည်းအဋ္ဌ ကထာနှင့် **"အစ္ဆန္တမေဝ မုဟုတ္တမပိ အဋ္ဌတွာ အာဘိဂ္ဃံ နိရန္တရံ နိယမေန နမဿနာရဟံ၊ နမဿ မာနဿ ဟိတမဟပ္ဖလ ကရဏတော"** ဟူသော ဝဇိရ ဗုဒ္ဓိဋီကာ (၁၆)အရ နေ့တိုင်းနေ့တိုင်း အချိန်တိုင်း ပုဂ္ဂိုလ်တိုင်းလည်း ပူဇော်နိုင်ပါသည်၊ ဤ၌ဘုရား(၉)ဆူ ပူဇော်နည်းအပြင် ပူဇော်ရခြင်း၏ အကျိုးပြုဖြစ်သော ယောန္တယ် (သီတဂူ)၏ "လှရတနာ ကိုးပွဲသုံးလုံးနှင့် ဘုရားကိုးဆူ" ဆောင်းပါးကိုပါ ထည့်သွင်းဖော်ပြ ထားပါသည်၊ နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ပါကြပါစေသတည်း။

အရှင်နာရဒါဘိဝံသ (လှရတနာ)

(၁၂-၄-၂၀၁၅)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရားကိုးဆူ ပူဇော်စရာ ဂါထာများ

(က) ဘုရား (၉)ဆူ ပင့်ဖိတ်ခြင်း

(၁) ဗုဒ္ဓသေဋ္ဌော မလ္လိမဿိ၊ သောနေ ဌာတု ရာဟုလော။
ကောဏ္ဍညော ပုဗ္ဗဘာဂဿိ၊ အဂ္ဂနေယ္ယဿ ရေဝတော။

ဗုဒ္ဓသေဋ္ဌော - ဘုရားမြတ်စွာသည်။ **မလ္လိမဿိ**- ဘုရားခေါ်မှန်း ရဟန္တာရှစ်ဆူ၊ ညီမူထွန်းပဝန်းဝဆွယ်မြောင်၊ အလယ်ကောင်၌။ **ဌာတု**- တည်နေတော်မူပါစေသတည်း။

ရာဟုလော- ဘုရားသားတော်၊ ယသော်ရင်သွေး၊ သုဒ္ဓါမြေးဟု၊ နီးဝေးကျော်ထင်၊ အရှင်ရာဟုလာ၊ သိက္ခာကာမ၊ မုတင်ရသည်။ **သောနေ**- အရှေ့မြောက်အရပ်၌။ **ဌာတု**- တည်နေတော်မူပါစေသတည်း။

ကောဏ္ဍညော- ကိုးကြိမ်ကောက်ဦး၊ လှူဖူးရှေးဖျား၊ တရားလက်မွန်၊ သိခြင်း လွန်သော၊ ကောဏ္ဍညမည်၊ မဟာထေရ်သည်။ **ပုဗ္ဗဘာဂဿိ**- အရှေ့အရပ်၌။ **ဌာတု**- တည်နေတော်မူပါစေသတည်း။

ရေဝတော- လက်ယာနေမှတ်၊ မထေရ်မြတ်၏၊ ညီလတ်ကျွမ်းဝင်၊ တောရပ် ခင်သော၊ အရှင်ခဒိရ၊ ရေဝတသည်။ **အဂ္ဂနေယ္ယဿ**- အရှေ့တောင်အရပ်၌။ **ဌာတု** - တည်နေတော်မူပါစေသတည်း။

(၂) ဒက္ခိဏာသိ သာရိပုတ္တော၊ ဥပါလိ နေရိတိ ဒိသံ။
ပစ္ဆိမံဒိသံ အာနန္ဒော၊ ဗာယဗ္ဗေစ ဂဝမ္ပတိ။

သာရိပုတ္တော- သာရီမယ်တော်၊ ဝမ်းတိုက်ပျော်သား၊ ရှင်ကျော်မဟာ၊ သာရိပုတ္တာ၊ ထေရ်မြတ်စွာသည်။**ဒက္ခိဏာသိ**-တောင်အရပ်၌။ **ဌာတု**- တည်နေတော်မူပါစေသတည်း။
ဥပါလိ- ဝိနည်းပိဋကတ်၊ ဆုံးဖြတ်လိမ္မာ၊ သူ့ထက်သာသော၊ မဟာဥပါလိ၊ ထေရ်မုနိသည်။ **နေရိတိ ဒိသံ**- အနောက်တောင်အရပ်၌။ **ဌာတု**- တည်နေတော်မူပါ စေသတည်း။

အာနန္ဒော- ငါးဖြာဇေတဒင်၊ ရှစ်ချက်ဆုပန်၊ ဖွားဖက်မှန်သော၊ အာနန်ညီတော်၊ မြတ်ထေရ်ကျော်သည်။ **ပစ္ဆိမံဒိသံ**- အနောက်အရပ်၌။ **ဌာတု**- တည်နေတော်မူပါစေ သတည်း။

ဂဝမ္ပတိ- ရာမညတိုင်း၊ သမိုင်းတွင်ဘီ၊ ရှေးဇာတိဝယ်၊ နိဝါသပုဗ္ဗေ၊ ဆွေတော် မဟာ၊ သိရိမာသောက၊ ဆက်သွယ်ရ၍၊ ဘုရားသာသနာ၊ ပြည်မြန်မာသို့၊ ရောက်လာ ရခြင်း၊ အရင်းအမွှန်၊ သုဝဏ်ရွှေဘုံ၊ သထုံတကြော၊ ကျော်စောစွာဘီ၊ ဂဝမ္ပတိမည်မှတ်၊ မထေရ်မြတ်သည်။ **ဗာယဗ္ဗေစ**- အနောက်မြောက်အရပ်၌။ **ဌာတု**- တည်နေတော်မူပါ စေသတည်း။

http://www.dhammadownload.com

(၃) **မောဂ္ဂလာနော ဥတ္တရသ္မိံ၊ သုဘာကရေ သုမင်္ဂလေ။**
ဝန္ဒာမ-ဟံ နဝဗုဒ္ဓေ၊ တေ မေ ဒန္တု သုဘေ ဝရေ။

မောဂ္ဂလာနော- ပျံတက်မြေလျှိုး၊ ထိန့်ထိန့်ကြိုးလျက်၊ တန်ခိုးပေါ်ထင်၊ ဘက်မ မြင်သော၊ အရှင်မောဂ္ဂလ္လာန၊ မထေရ်မွန်သည်။ **ဥတ္တရသ္မိံ**- မြောက်အရပ်၌။ **ဌာတု**- တည်နေတော်မူပါစေသတည်း။

သုဘာကရေ- ကောင်းခြင်းအထွေထွေ၊ တည်နေရာစင်စစ်၊ ဖြစ်တော်မူကြပေ ကုန်သော။ **သုမင်္ဂလေ**- "ခေမံ"ဟူဘိ၊ တူမရှိသား၊ သျှန်္ဓိမင်္ဂလာတော်ကြီးနှင့် ပြည့်စုံတော်မူကြပေကုန်သော။ **နဝဗုဒ္ဓေ**- ရာ, ကောဏ်, ရေ, သာ, ဥ, အာ, ဂ, မောဂ်, သားရှစ်ယောက်၊ ရှေ့ မြောက် စထား၊ လယ်ဘုရား -- ဘုရားကိုးဆူတို့ကို။ **အဟံ** - တပည့်တော်သည်။ **ဝန္ဒာမိ** - ရှိခိုးပါ၏။

တေ (နဝဗုဒ္ဓါ) - ထိုဘုရားကိုးဆူတို့သည်။ **မေ** - တပည့်တော်အား။ **သုဘေ ဝရေ** - ဆုမွန်ကောင်းတို့ကို။ **ဒေန္တု**- ပေးသနားတော်မူပါစေသတည်း။

(၀) လှူဖွယ်ဝတ္ထု ပဒုည်း ဆက်ကပ်ခြင်း

ဗုဒ္ဓပမုခ သံဃဿ၊ ဒါတဗ္ဗာနိ ဒဒါမဟံ။
တေန ပုညေန နိဗ္ဗာနံ၊ သီယံ ပပ္ပေါမိ နာသဝံ။

မြတ်စွာဘုရား အမှူးရှိသော ရဟန္တာသံဃာရှစ်ပါးအား ဆွမ်းခဲဖွယ် ဘောဇဉ်နှင့် ပန်း ရေချမ်း သစ်သီး ဆီမီး နံ့သာ အမွှေးတိုင်စသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဝမ်းမြောက်ကြည်သာ ရိုသေစွာ ကပ်လှူပူဇော်ပါ၏၊ ထိုကုသိုလ်ကံ စေတနာကြောင့် အာသဝေါလေးတန် ကင်းရာမှန်သော နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုရ ရရှိရပါလို၏ အရှင်ဘုရား။

(၈) ရှိခိုးပူဇော် ဆုတောင်းခြင်း

၁။ ဂေါတမ မြတ်စွာဘုရား

ကျွတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ၊ တံ ဘဂဝန္တံ အဟံ နမာမိ။

အဋ္ဌာရသ ဟတ္ထုဗ္ဘေမော၊ **ဂေါတမော** သက္ယဝဟုနော။
သဗ္ဗညူ သဗ္ဗတိလကော၊ သဗ္ဗလောက သုခပ္ပဒေါ။
သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊ ဘဂေဟိ ဘာဂျဝါယုကော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သောတ္ထျာ' ရောဂျံ ဒဒါတု နော။

တို့ဘုရားမူ နတ်လူတို့ကပူဇော်ရ၏၊ ဓမ္မဥဿုံ အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏၊ ဝိဇ္ဇာစရဏ ပြည့်စုံလှငြား၊ စကားကောင်းကို ကိုယ်တော်ဆို၏၊ ထိုထိုလောက သိတတ်လှ၏၊ ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏၊ နတ်လူဆရာ သစ္စာသိမြင် ဘုန်းအရှင်ဖြစ်သော မြတ်စွာဘုရားသခင်အား ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

http://www.dhammadownload.com

ဂေါတမမြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုး ခြင်းကို ပွားတိုးစေတော်မူ၏၊ တဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ခပ်သိမ်းသောတရားတို့ကို သိမြင်တော်မူ၏၊ သူခပ်သိမ်းတို့ မှန်ကူသဖွယ် ဖြစ်တော်မူ၏၊ သူခပ်သိမ်းတို့အား ချမ်းသာကို ပေးတော်မူ၏။

ခပ်သိမ်းသော တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူ၏၊ ဘုန်းတော် ခြောက်ပါးနှင့် ယှဉ်တော်မူ၏၊ ဒါန၊ သီလစသည်တို့၏ အထွဋ်အထိပ်သို့ရောက်သော ပါရမီရှိတော်မူ၏၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူ၏၊ **ညောင်ဗုဒ္ဓဟေပင်**ရင်း၌ ရန်မျိုးစုံကို အောင်မြင်ပြီး သစ္စာလေးပါးကို သိမြင်လျက် ဘုရားအဖြစ်သို့ ရောက်တော် မူသော ထိုဂေါတမ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်း၊ အနာရောဂါ ကင်းခြင်းကို ပေးတော်မူပါဘုရား။ (သာဓု-၃-)

၂။ အရှင်ရာဟုလာ (သိက္ခာသုံးပါး လိုလားကျင့်ဆောင်ခြင်း)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သိက္ခာကာမာနံ ယဒိဒံရာဟုလော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

ရာဟုလော ဗုဒ္ဓပုတ္တောပိ၊ သိက္ခာကာမာန'မုတ္တမော။
ဒါယာဒေါ သဗ္ဗဓမ္မေသု၊ မဟာသန္တိံ ကရောတု နော။

သိက္ခာသုံးပါး လိုလားကျင့်ဆောင်ကြကုန်သောသူတို့တွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်ရာဟုလာ ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အရှင်ရာဟုလာ မထေရ်သည် မြတ်စွာဘုရား၏ သားတော်ရင်းဖြစ်တော်မူ၏ (ရင်သွေးတော်ရင်း ဖြစ်တော် မူ၏)၊ သိက္ခာသုံးပါးကို လိုလားသောရဟန်းတို့တွင် မြတ်တော်မူ၏ (သိက္ခာသုံးပါးကို လိုလားရာ၌ ဧတဒဂ် ရတော်မူ၏)၊ ခပ်သိမ်းသောတရား တို့၌ အမွေခံဖြစ်တော်မူ၏၊ ထိုအရှင်ရာဟုလာ မထေရ်သည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၃။ အရှင်ကောဏ္ဍည (ဝါကြီးရင်ခြင်း - ရတ္တညူအရာ)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိ ကောဏ္ဍညော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

အညာတကောဏ္ဍညတ္ထေရော၊ ရတ္တညူနံ အဂ္ဂေါ အဟု။
ဓမ္မစက္ကာဘိသမယော၊ သဒါ သောတ္ထိံ ကရောတု နော။

သိက္ခာဝါ ကြီးရင့်ခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်ကောဏ္ဍည ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အညာတကောဏ္ဍညမထေရ်သည် ရှေးဦးစွာ သစ္စာလေးပါးကို သိခြင်းကြောင့် ညဉ့်အပိုင်း အခြားကို သိကုန်သောသူတို့တွင် မြတ်တော်မူ၏၊ ဓမ္မစကြာ ဒေသနာ၌ သစ္စာလေးပါးကို သိတော်မူ၏၊

http://www.dhammadownload.com

ထိုအညာ တကောက္ကာည မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။

၄။ အရှင်ခဒိရ ဝနိယရေဝတ (တောရဆောက်တည်ခြင်း)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရညကာနံ ယဒိဒံ ရေဝတော ခဒိရဝနိယော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

အရညဝါသိနံ အဂ္ဂေါ၊ **ရေဝတော** ခဒိရဝနိယော။

ဝိဝေကာဘိရတော ထေရော၊ သဒါ သောတ္ထိံ ကရောတု နော။

တောရဆောက်တည်ခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်ခဒိရ ဝနိယ ရေဝတ ရဟန္တာ မထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အရှင်ခဒိရ ရေဝတမထေရ်သည် တောကျောင်းနေရဟန်းတို့တွင် (အာရည ကင် ဓုတင် ဆောက်တည်သော ရဟန်းတို့တွင်) မြတ်တော်မူ၏ (အာရညကင်ဓုတင် ဆောင်သောအရာ၌ ဧတဒဂ်ရတော်မူ၏)၊ ရှားတော၌ သီတင်းသုံးတော်မူ၏၊ ကာယ, စိတ္တ, ဥပဓိဝေကဋ္ဌ မွေ့လျော်တော်မူ၏၊ ထိုအရှင်ခဒိရ ရေဝတမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာချမ်းသားခြင်းကို ပြုတော်မူပါဘုရား။

၅။ အရှင်သာရိပုတ္တြာ (ဉာဏ်ပညာကြီးမားခြင်း)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

လောကနာထံ ဌပေတွာန၊ ပညဝန္တာန ပါဏိနံ။

ပညာယ သာရိပုတ္တသ၊ ကလံ နာဂ္ဃတိ သောဠသိံ။

သာရိပုတ္တော မဟာပညော၊ ပထမော အဂ္ဂသာဝကော။

ဓမ္မသေနာပတီ သေဋ္ဌော၊ သဒါ သောတ္ထိံ ကရောတု နော။

ဉာဏ်ပညာကြီးမားခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

မြတ်စွာဘုရားကိုဖယ်ထား၍ ပညာဉာဏ်ရှိသောသူတို့၏ ပညာဉာဏ်သည် အရှင်သာရိပုတ္တရာ၏ ပညာဉာဏ်ကို တဆဲ့ခြောက်စိတ်သောအဘို့၌ တဆဲ့ခြောက်စိတ် တစိတ်ရှိသော အဘို့အစုကို (နှစ်ရာ့ ငါးဆဲ့ခြောက်စိတ် စိတ်၍ တစိတ်သော အဘို့အစုကို) မမှီနိုင်ပါ။

ထိုအရှင်သာရိပုတ္တရာမထေရ်သည် တဆဲ့ခြောက်ထွေ ဝေဘန်သဖြင့် ကြီးမြတ်သော ပညာရှိတော်မူ၏၊ လက်ျာတော်ရံ ပဌမအဂ္ဂသာဝကကြီးဖြစ်တော်မူ၏၊ တရားစစ်သူကြီး ဖြစ်တော်မူ၏၊ ပညာဉာဏ်ရှိကုန်သော သူတို့ထက် မြတ်၏ဟု ချီးမွမ်း အပ်၏ (ပညာဉာဏ် ကြီးသောအရာ၌ ဧတဒဂ်

http://www.dhammadownload.com

ရတော်မူ၏) ဓမ္မစက်ကို ဘုရားရှင် ဟောသည့်အတိုင်း လည်စေနိုင်သူဖြစ်၏၊ ဘုရားရှင်နှင့် တူတော်မူ၏၊ ထိုအရှင်သာရိ ပုတ္တရာမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၆။ အရှင်ဥပါလိ (ဝိနည်းစောင့်ခြင်း)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

အာပတ္တိအနာပတ္တိယာ၊ သတေကိစ္ဆာယ ကောဝိဒေါ။
ဝိနယေ အဂ္ဂနိက္ခိတ္တော၊ **ဥပါလိ** သတ္ထုဝဏ္ဏိတော။
ဝိနယေ ပါရမိပ္ပတ္တော၊ ဝိနယဂ္ဂါဟရော မုနိ။
ကရောတု နော မဟာသန္တိံ။ သောတ္ထာ' ရောဂျံ ဒဒါတု နော။

ဝိနည်းဆောင်ခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်ဥပါလိ ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

အရှင်ဥပါလိမထေရ်သည် အာပတ်သင့်ခြင်း, မသင့်ခြင်း၌ လိမ္မာတော်မူ၏၊ ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်ဖြင့် ကုစားကောင်းသော အာပတ် မကုစားကောင်းသော အာပတ်၌ လိမ္မာတော်မူ၏၊ ဝိနည်းအရာ၌ မြတ်၏ဟု ဧတဒဂ် ထားတော်မူ၏၊ (ဝိနည်းကို ဆောင်ရာ၌ ဧတဒဂ် ရတော်မူ၏)၊ မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်၏။

ဝိနည်းအရာ၌ အပြီးအဆုံးသို့ ရောက်တော်မူ၏၊ ဝိနည်းတရား၌သာ ကျက်စားရာ အာရုံရှိတော်မူ၏၊ ကိုယ်နှုတ်, နှလုံးကို စောင့်သုံးထိန်းသိမ်းတော်မူ၏၊ ထိုအရှင် ဥပါလိမထေရ်သည် အကျွန်ုပ်တို့အား ကြီးမြတ်သော ငြိမ်သက် ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်း၊ အနာရောဂါကင်းခြင်းကို ပေးတော်မူပါဘုရား။

၇။ အရှင်အာနန္ဒာ (အကြားအမြင်များခြင်း၊ သတိစကောင်းခြင်း၊ ဉာဏ်စကောင်းခြင်း၊ လုံ့လဝီရိယ ကြီးမားခြင်း၊ အလုပ်အကျွေး အပြုအစု ကောင်းခြင်း)အားဖြင့် (၅)ချက်

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။ သတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဓိတိမန္တာနံ ယဒိဒံ အာနန္ဒော။ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

အာနန္ဒော ဗုဒ္ဓုပဋ္ဌာကော၊ သဒ္ဓီတိသာဓုသမ္မတော။
ဗဟုဿုတော ဓမ္မဓရော၊ သဒါ သောတ္ထိံ ကရောတု နော။

အကြားအမြင်များခြင်း သတိကောင်းခြင်း ဉာဏ်ကောင်းခြင်း လုံ့လဝီရိယ ကြီးမားခြင်း အလုပ်အကျွေး အပြုအစု ကောင်းခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်အာနန္ဒာ ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

http://www.dhammadownload.com

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်တော်မူ၏၊ (အကြားအမြင်များ သောအရာ၊ သတိရှိသောအရာ၊ ပညာဉာဏ်ရှိသောအရာ၊ လုံ့လဝီရိယရှိသောအရာ၊ ဘုရားကိုလုပ်ကျွေး သောအရာ ငါးဌာနဋ္ဌ ဧတဒဂ် ရတော်မူ၏၊) ပဌမသံဂါယနာတင်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်သူဟု သမုတ်တော်မူအပ်၏၊ အကြားအမြင် များတော်မူ၏၊ တရားတော်တို့ကို ဆောင်ရွက်ထားတော်မူနိုင်၏၊ ထိုအရှင်အာနန္ဒာမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

(၈) အရှင်ဂဝမ္ပတိ

သဗ္ဗဝေရ ဘယာ'တီတော၊ ဂဝမ္ပတျာ'သဝက္ခယော။
မဟာသန္တိံ ကရော လောကေ၊ အာရောဂျဉ္စ ဒဒါတု မေ။
အကမ္ပိတော ဝသီပတ္တော၊ ဒိဋ္ဌသစ္စော ဂဝမ္ပတိ။
ဋ္ဌိတော ဗုဒ္ဓဿ ပါယပ္ပေ၊ သောပိ မေ ဒေတု သမ္ပဒံ။

သရဘူမြစ်ရေကြီးခြင်းဘေးမှ သံဃာတို့ကို ကယ်တင်စောင့်ရှောက်သော အရှင်ဂဝမ္ပတိ ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

ဘေးရန်ခပ်သိမ်းမှ ကင်းငြိမ်းလွန်မြောက်တော်မူထသော၊ ကုန်ပြီးသော အာသဝေါတရားလည်း ရှိတော်မူထသော၊ လူအပေါင်း၏ ကြီးစွာသော ငြိမ်သက်ခြင်း ကိုလည်း ပြုတော်မူတတ်ထသော၊ အရှင်ဂဝမ္ပတိထေရ်သည်၊ အကျွန်ုပ်အား အနာမရှိခြင်း ကိုလည်း၊ ပေးတော်မူပါစေသတည်း။

အာဝဇ္ဇနာ သမာပဇ္ဇန ဝုဋ္ဌာနနှင့် ဓိဋ္ဌာန ပစ္စဝေက္ခဏာ ငါးဖြာသော ဝသီဘော်သို့ ရောက်တော်မူပြီးထသော၊ မြင်အပ်ပြီးသော သစ္စာလေးပါး တရားရှိထသော အရှင်ဂဝမ္ပတိ မထေရ်မြတ်သည် မြတ်စွာဘုရား၏ နောက်မြောက်မျက်နှာ ရပ်နေရာ၌ တည်တော်မူ၏၊ ထိုအရှင်မြတ်သည်လည်း အကျွန်ုပ်အား ခြွေရေရိပ်ငြိမ် စည်းစိမ်ပညာ အရာရာသော ပြည့်စုံခြင်းကို ပေးတော်မူပါဘုရား။

၉။ အရှင်မဟာမောဂ္ဂလာန် (တန်ခိုးဣဒ္ဓိပါဒ်ကြီးမားခြင်း)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော။ တံ မဟာထေရံ ဝန္ဒာမိ၊ တထာ မေ ဟောတု။

ပါဒဂ်ံလိကမတ္တေန၊ ဝေဇယန္တ ပကမ္ပနော။
ပထဝီ မဟတီ သဗ္ဗံ၊ သမတ္ထော ပရိဝတ္တိတုံ။
မောဂ္ဂလ္လာနော မဟာထေရော၊ ဒုတိယော အဂ္ဂသာဝကော။
ဣဒ္ဓိမန္တာနံ သော အဂ္ဂေါ၊ သဒါ သောတ္တိ ကရောတု နော။

တန်ခိုးဣဒ္ဓိပါဒ် ကြီးမားခြင်းအရာတွင် အမြတ်ဆုံး အသာဆုံးဖြစ်သော အရှင်မဟာမောဂ္ဂလာန် ရဟန္တာမထေရ်အား ရိုသေမြတ်နိုး ရှိခိုးပါ၏။

http://www.dhammadownload.com

အရှင်မောဂ္ဂလ္လာန်မထေရ်သည် ခြေချောင်းငယ်မျှဖြင့် သိကြားမင်းဗိမာန် ဝေဇယန္တာပြာသာဒ်ကို သွက်သွက်ခါအောင် တုန်လှုပ်စေတော်မူနိုင်၏၊ ကြီးကျယ်ထူး ကဲသော မြေပြင်အလုံးကို ထက်အောက်ပြောင်းပြန် မှောက်လှန်ခြင်းငှာ စွမ်းဆောင်တော် မူနိုင်၏။

လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝကကြီး ဖြစ်တော်မူ၏၊ တန်ခိုးအာနုဘော်ကြီး ကုန်သော သူတို့တွင် မြတ်တော်မူ၏၊ (တန်ခိုးအာနုဘော်ကြီးသောအရာ၌ ဧတဒဂ် ရတော်မူ၏) ၊ ထိုအရှင် မောဂ္ဂလ္လာန်မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

ရာ, ကောဏ်, ရေ, သာ၊ ဥ, အာ, ဂ, မောဂ်၊ သားရှစ်ယောက်၊
ရှေ့ မြောက် စထား၊ လယ်ဘုရား၊ ဘုရားကိုးဆူ စံတော်မူ။
ကိုးဆူဘုရား အရှင်များကို
ဘုရားတပည့်တော် ကော်ရော်ရိကျိုး လက်စုံမိုး၏၊
ကောင်းမျိုးသုဘ သုခမဂ်လာ
လျင်စွာအဆော ရစေသော။

(ဃ) ဘုရား(၉)ဆူ ပူဇော်ရကျိုးများ

၁။ ယော ဥတ္တာ ပူဇကော လောကေ၊ နိဒုက္ခော နိရု'ပဒ္ဒဝေါ။
မဟာတေဇော မဟာလာဘော၊ သုခီ ဘဝတု မေ သဒါ။
၂။ အာယု ဒီယံ သတံ သုခံ၊ သဗ္ဗဒိသာ ဝရာဝရံ။
သဗ္ဗသတ္တြ ဝိနာသနံ၊ ပရိတ္တံ မဟာနုဘာဝံ။
ကတွာန မမ သဗ္ဗဒါ၊ အန္တရာယော ဝိနဿတု။

လောကေ၊ လောကသုံးပါး၌။ **ယော၊** အကြင်သူသည်။ **ဥတ္တာ၊** ရတနာ(၃)ပါး ဂုဏ်ကျေးဇူးကို သိ၍။ **ပူဇကော၊** ဘုရား(၉)ဆူကို ပူဇော်သည်။ **ဟောတိ၊** ဖြစ်၏။ **သော၊** ဘုရား(၉)ဆူကို ပူဇော်သော ထိုသူသည်။ **နိဒုက္ခော၊** ဆင်းရဲမရှိသည် လည်းကောင်း။ **နိရု'ပဒ္ဒဝေါ၊** ဥပဒ္ဒဝေါကင်းသည်လည်းကောင်း။ **မဟာတေဇော၊** ကြီးသော ဘုန်းတန်ခိုး ရှိသည်လည်းကောင်း။ **မဟာလာဘော၊** များသော လာဘ်ပူဇော်သက္ကာရ ရှိသည်လည်းကောင်း။ **ဟောတိ၊** ဖြစ်၏။ **မေ မမ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ကိုယ် စိတ်(၂)ပါး၏ ချမ်းသာခြင်းရှိသည်။ **ဘဝတု၊** ဖြစ်ပါစေသတည်း။ **အာယု၊** အသက်သည်။ **သတံ၊** အနှစ် (၁၀၀) ပတ်လုံး။ **ဒီဃံ၊** ရှည်သည် လည်းကောင်း။ **သုခံ၊** ချမ်းသာသည်လည်းကောင်း။ **သဗ္ဗဒိသာ၊** ခပ်သိမ်းသော အရပ်မျက်နှာမှ။ **ဝရာဝရံ၊** လိုအပ်ရာရာ လာဘ်ပဏ္ဏာတို့သည် လျင်စွာလာရောက်ခြင်း သည် လည်းကောင်း။ **သဗ္ဗသတ္တြ ဝိနာသနံ၊** ခပ်သိမ်းသော ရန်အပေါင်း၏ ပြေပျောက်ခြင်းသည်လည်းကောင်း။ **ဘဝတု၊** ဖြစ်ပါစေသတည်း။ **မဟာနုဘာဝံ၊** ကြီးမြတ်သော

http://www.dhammadownload.com

အာနုဘောရှိသော။ **ပရိတ္တံ၊** ပူဇော်ခြင်း အရံအတားကို။ **ကတွာန၊** ပြုရသောကြောင့်။ **မမ၊** အကျွန်ုပ်အား။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **အန္တရာယာ၊** ကိုယ်တွင်း ကိုယ်ပ ကျရောက်ကပ်ငြိတတ် ကုန်သော အန္တရာယ်တို့သည်။ **ဝိနဿတု-ဝိနဿန္တု၊** ပျောက်ပျက်ပါစေ ကုန်သတည်း။ *(နဝဗုဒ္ဓ ပူဇနကျမ်း)*

(၀) အမျှဝေးဝေခြင်း

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ အမျှဝေ၏။

မသွေနိစ္စ ဤကာယကို စောင့်ထပေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။

မိတ္တဆွေဉာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒဘုမ္မာ၊ အာကာသနတ် အထူးမှတ်၍ မပြတ်ပုည ကုသလကို ရကြပါစေ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင် မပြတ်စဉ်ကာ သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။

ထိုကုသလ ဤပုညကို အမျှရကြသည် ဖြစ်စေသောဝ်၊ ဝသုန္ဒရေ ဤမြေပံသု သိလာထုလည်း သက်သေအမှု တည်စေသော်။

ကုသိုလ်အမျှ ကုသိုလ်အမျှ ကုသိုလ်အမျှ ယူတော်မူကြပါလော့။ သာဓု သာဓု သာဓု။

http://www.dhammadownload.com

ရင်မှာစွဲကပ် နဝရတ်စေတီများ

သရဏဂုံသုံးပါး၊ ဘုရားဝှက်တော်ကိုးပါး၊ လက္ခဏာယာဉ်သုံးပါး၊ ဝိဇ္ဇာညက်သုံးပါးတို့စောင်ဖြင့်
(၁၆)ဌာန ပါဝင်သည့်

(၁) သောဌသ (ဌာန) စေတီတော် တည်နည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ဗုတ်ဓံ သရဏံ ဂစ်ဆာမိ)
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ (ဓမ်မံ သရဏံ ဂစ်ဆာမိ)
၃။ သံဃံ သရဏံ ဂစ္ဆာမိ။ (သံဃံ သရဏံ ဂစ်ဆာမိ)
၄။ အရဟံ။ (အရဟံ)
၅။ သမ္မာသမ္ဗုဒ္ဓေါ။ (သမ်မာ သမ်ဗုတ်ဓော)
၆။ ဝိဇ္ဇာစရဏသမ္ပန္နော။ (ဝိတ်ဇာစရဏ သမ်ပန်နော)
၇။ သုဂတော။ (သုဂတော)
၈။ လောကဝိဒူ။ (လောကဝိဒူ)
၉။ အနုတ္တရော ပုရိသဒမ္မသာရထိ။ (အနုတ်တရော ပုရိသ ဒမ်မသာရထိ)
၁၀။ သတ္ထာ ဒေဝမနုဿာနံ။ (သတ်ထာဒေဝ မနုတ်သာနံ)
၁၁။ ဗုဒ္ဓေါ။ (ဗုတ်ဓော)
၁၂။ ဘဂဝါ။ (ဘဂဝါ)
၁၃။ သဗ္ဗေ သခ်ါရာ အနိစ္စာ။ (သတ်ဗေ သင်ခါရာ အနိတ်စာ)
၁၄။ သဗ္ဗေ သခ်ါရာ ဒုက္ခာ။ (သတ်ဗေ သင်ခါရာ ဒုက်ခါ)
၁၅။ သဗ္ဗေ ဓမ္မာ အနတ္တာ။ (သတ်ဗေ ဓမ်မာ အနတ်တာ)
၁၆။ သော ဘဂဝါ ဝိဇ္ဇတ္တယညဏေန သမန္နာဂတောတိ။
(သော ဘဂဝါ ဝိတ်ဇတ်တယ ညဏေန သမန်နာ ဂတောတိ)

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

http://www.dhammadownload.com

သောဋ္ဌသစေတီ (၉)ဆူတွင် ပါဝင်သော ဂုဏ်တော်-ညဏ်တော်များ
(၁)သောဋ္ဌသဌာနစေတီတွင် ပါဝင်သော ဂုဏ်တော်-ညဏ်တော်များ

(သရဏဂုံ (၃)ပါး+ဘုရားဂုဏ်တော် (၉)ပါး+ လက္ခဏာယာဉ် (၃)ပါး+ဝိဇ္ဇာညဏ် (၃)ပါး)

၁။ မြတ်စွာဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
၂။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
၃။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
၄။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်
၅။ တရားအားလုံးကို အကုန်သိတော်မူသော ဘုရားရှင်
၆။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော ဘုရားရှင်
၇။ စကားကောင်းကို ပြောဆိုတော်မူသော ဘုရားရှင်
၈။ လောကသုံးပါးကို သိမြင်တော်မူသော ဘုရားရှင်
၉။ လိမ္မာယဉ်ကျေးအောင် ဆုံးမရာ၌ အမြတ်ဆုံး ဖြစ်သော ဘုရားရှင်
၁၀။ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူ သော ဘုရားရှင်
၁၁။ သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိ၍ သတ္တဝါတို့ကိုလည်း သိစေနိုင်သော ဘုရားရှင်
၁၂။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်
၁၃။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲသော အနိစ္စတို့ ပါတကား
၁၄။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဆင်းရဲ သော ဒုက္ခတို့ ပါတကား
၁၅။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အစိုးမရ သော အနတ္တတို့ ပါတကား
၁၆။ ထိုဘုရားရှင်သည် ပု-ဒိ-အာ-ဟူသော ဝိဇ္ဇာညဏ်သုံးပါးနှင့် ပြည့်စုံတော်မူပါပေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

ပါရမီ ဆယ်ပါး၊ အသာစာရဏညဏ်တော်ခြောက်ပါးအားဖြင့် (၁၆)လေစ ပါဝင်သည့်
(၂) သောဋ္ဌသ(လေစ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒါန,ပါရမီ ပူရေသီ။ (သော ဘဂဝါ ဒါန,ပါရမိန် ပူရေသိန်)
၂။ သော ဘဂဝါ သီလ,ပါရမီ ပူရေသီ။ (သော ဘဂဝါ သီလ,ပါရမိန် ပူရေသိန်)
၃။ သော ဘဂဝါ နေက္ခမ္မ,ပါရမီ ပူရေသီ။ (သော ဘဂဝါ နိတ်ခမ်မ,ပါရမိန် ပူရေသိန်)
၄။ သော ဘဂဝါ ပညာပါရမီ ပူရေသီ။ (သော ဘဂဝါ ပညာပါရမိန် ပူရေသိန်)
၅။ သော ဘဂဝါ ဝီရိယပါရမီ ပူရေသီ။ (သော ဘဂဝါ ဝီရိယပါရမိန် ပူရေသိန်)

http://www.dhammadownload.com

၆။ သော ဘဂဝါ ခန္ဓိပါရမီ ပူရေသီ။ (သော ဘဂဝါ ခန်တိပါရမိန် ပူရေသိန်)

၇။ သော ဘဂဝါ သစ္စပါရမီ ပူရေသီ။ (သော ဘဂဝါ သစ်စပါရမိန် ပူရေသိန်)

၈။ သော ဘဂဝါ အဓိဋ္ဌာနပါရမီ ပူရေသီ။(သော ဘဂဝါ အဓိတ်ထာန,ပါရမိန် ပူရေသိန်)

၉။ သော ဘဂဝါ မေတ္တာပါရမီ ပူရေသီ။ (သော ဘဂဝါ မေတ်တာ,ပါရမိန် ပူရေသိန်)

၁၀။ သော ဘဂဝါ ဥပေက္ခာပါရမီ ပူရေသီ။ (သော ဘဂဝါ ဥပစ်ခါ,ပါရမိန် ပူရေသိန်)

၁၁။ သော ဘဂဝါ အသာဓာရဏာသ ဏ္ဍန္ဒြိယပရောပရိယတ္တ ဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊ (သော ဘဂဝါ အသာဓာရဏာတ်သ အိန်ဒရိယ, ပရောပရိယတ်တ ဉာဏတ်သ ပဋိဝေဓာယ ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၂။ သော ဘဂဝါ အသာဓာရဏာသ အာသယာနုသယဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊
(သော ဘဂဝါ အသာဓာရဏာတ်သ အာသယာနုသယ ဉာဏတ်သ ပဋိဝေဓာယ ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၃။ သော ဘဂဝါ အသာဓာရဏာသ မဟာကရုဏာသမာပတ္တိဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊
(သော ဘဂဝါ အသာဓာရဏာတ်သ မဟာကရုဏာ သမာပတ်တိ ဉာဏတ်သ ပဋိဝေဓာယ ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၄။ သော ဘဂဝါ အသာဓာရဏာသ ယမကပါဋိဟီရဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊
(သော ဘဂဝါ အသာဓာရဏာတ်သ ယမကပါဋိဟီရ ဉာဏတ်သ ပဋိဝေဓာယဥပနိတ်သယ ဘူတာ ဒသပါရမိယော ပူရေသိန်)

၁၅။ သော ဘဂဝါ အသာဓာရဏာသ အနာဝရဏဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊
(သော ဘဂဝါ အသာဓာရဏာတ်သ အနာဝရဏ ဉာဏတ်သ ပဋိဝေဓာယ ဥပနိတ်သယဘူတာ ဒသပါရမိယော ပူရေသိန်)

၁၆။ သော ဘဂဝါ အသာဓာရဏာသ သဗ္ဗညုတဉာဏာသ ပဋိဝေဓာယ ဥပနိဿယဘူတာ ဒသပါရမိယော ပူရေသီ၊
(သော ဘဂဝါ အသာဓာရဏာတ်သ သတ်ဗင်ညုတ ဉာဏတ်သ ပဋိဝေဓာယ ဥပနိတ်သယ ဘူတာ ဒသပါရမိယော ပူရေသိန်)

* * * * * * * * * *

http://www.dhammadownload.com

(၂) သောဋ္ဌသလေစစေတီတွင် ပါဝင်သော ဂုဏ်တော်–ဉာဏ်တော်များ
(ပါရမီ–၁၀ပါး+အသာစာရက ဉာဏ်တော် (၆)ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၂။ ထိုမြတ်စွာဘုရားရှင်သည် စောင့်ထိမ်းခြင်း သီလပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၃။ ထိုမြတ်စွာဘုရားရှင်သည် တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၄။ ထိုမြတ်စွာဘုရားရှင်သည် တတ်သိနားလည် ခြင်း ပညာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၅။ ထိုမြတ်စွာဘုရားရှင်သည် သက်စွန့်ကြိုးပမ်း အားထုတ်ခြင်း ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၆။ ထိုမြတ်စွာဘုရားရှင်သည် သည်းခံခြင်း ခန္တီ ပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၇။ ထိုမြတ်စွာဘုရားရှင်သည် မှန်ကန်စွာ ပြောဆို လုပ်ကိုင်ခြင်း သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၈။ ထိုမြတ်စွာဘုရားရှင်သည် စွဲစွဲမြဲမြဲ ဆောက် တည်ခြင်း အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော် မူခဲ့ပြီ

၉။ ထိုမြတ်စွာဘုရားရှင်သည် ချစ်ခင်စောင့် ရှောက်ခြင်း မေတ္တာပါရမီကို ဖြည့်ကျင့်တော် မူခဲ့ပြီ

၁၀။ ထိုမြတ်စွာဘုရားရှင်သည် လျှစ်လှူရှုခြင်း ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၁။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော ဣန္ဒြိယပရောပရိယတ္တ ဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၂။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော အာသယာနုသယဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၃။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော မဟာကရုဏာမာပတ္တိဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၄။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော ယမကပါဋိဟာရိယဉာဏ်ကို သိခြင်းငှာ အကြောင်းဖြစ်သော ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၅။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော အနာဝရဏဉာဏ်ကို သိခြင်း ငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ

၁၆။ ထိုမြတ်စွာဘုရားရှင်သည် သူတစ်ပါးတို့နှင့် မဆက်ဆံသော သဗ္ဗညုတဉာဏ်ကို သိခြင်း ငှာ အကြောင်းဖြစ်သော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီ၊

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

http://www.dhammadownload.com

ပညာတော် ဆယ့်ခြောက်ပါးအားဖြင့်
ပညာ (၁၆) ပါး ပါဝင်သည့်

(၃) သောဋ္ဌသ(ပညာ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ပညာပဋိလာဘာယသမန္နာဂတော၊
(သော ဘဂဝါ ပညာပဋိလာဘာယသမန်နာဂတော)

၂။ သော ဘဂဝါ ပညာဗုဒ္ဓိယာသမန္နာဂတော၊ (သော ဘဂဝါ ပညာဗုတ်ဓိယာ သမန်နာဂတော)

၃။ သော ဘဂဝါ ပညာဝေပုလ္လာယ သမန္နာဂတော၊
(သော ဘဂဝါ ပညာဝေပုန်လာယသမန်နာဂတော)

၄။ သော ဘဂဝါ မဟာပညာယ သမန္နာဂတော၊ (သော ဘဂဝါ မဟာပညာယ သမန်နာဂတော)

၅။ သော ဘဂဝါ ပုထုပညာယ သမန္နာဂတော၊ (သော ဘဂဝါ ပုထုပညာယ သမန်နာဂတော)

၆။ သော ဘဂဝါ ဝိပုလပညာယ သမန္နာဂတော၊ (သော ဘဂဝါ ဝိပုလပညာယ သမန်နာဂတော)

၇။ သော ဘဂဝါ ဂမ္ဘီရပညာယ သမန္နာဂတော၊ (သော ဘဂဝါ ဂန်ဘီရပညာယ သမန်နာဂတော)

၈။ သော ဘဂဝါ အသာမန္တပညာယ သမန္နာဂတော၊
(သော ဘဂဝါ အသာမန်တပညာယ သမန်နာဂတော)

၉။ သော ဘဂဝါ ဘူရိပညာယ သမန္နာဂတော၊ (သော ဘဂဝါ ဘူရိပညာယ သမန်နာဂတော)

၁၀။ သော ဘဂဝါ ပညာဟာဟုလ္လာယ သမန္နာဂတော၊ (သော ဘဂဝါ ပညာဟာဟုန်လာယ သမန်နာဂတော)

၁၁။ သော ဘဂဝါ သီဃပညာယ သမန္နာဂတော၊ (သော ဘဂဝါ သီဃ,ပညာယ သမန်နာဂတော)

၁၂။ သော ဘဂဝါ လဟုပညာယ သမန္နာဂတော၊ (သော ဘဂဝါ လဟု,ပညာယ သမန်နာဂတော)

၁၃။ သော ဘဂဝါ ဟာသပညာယ သမန္နာဂတော၊ (သော ဘဂဝါ ဟာသ,ပညာယ သမန်နာဂတော)

၁၄။ သော ဘဂဝါ ဇဝနပညာယ သမန္နာဂတော၊ (သော ဘဂဝါ ဇဝန,ပညာယ သမန်နာဂတော)

၁၅။ သော ဘဂဝါ တိက္ခပညာယ သမန္နာဂတော၊ (သော ဘဂဝါ တိတ်ခ,ပညာယ သမန်နာဂတော)

၁၆။ သော ဘဂဝါ နိဗ္ဗေဓိကပညာယ သမန္နာဂတော၊ (သော ဘဂဝါ နိတ်ဗေဓိက,ပညာယ သမန်နာဂတော)

* * * * * * * * * *

http://www.dhammadownload.com

(၃) သောဋ္ဌသ ပညာ စေတီတွင် ပါဝင်သော ဂုဏ်တော်-ဉာဏ်တော်များ
(ပညာ-၁၆-ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် ပညာရခြင်း ပညာ ပဋိလာဘနှင့် ပြည့်စုံတော်မူပါပေ၏

၂။ ထိုမြတ်စွာဘုရားရှင်သည် ပညာပွားခြင်း ပညာဗုဒ္ဓိနှင့် ပြည့်စုံတော်မူပါပေ၏

၃။ ထိုမြတ်စွာဘုရားရှင်သည် ပညာပြန့်ပြောခြင်း ပညာ ဝေပုလ္လနှင့် ပြည့်စုံတော်မူပါပေ၏

၄။ ထိုမြတ်စွာဘုရားရှင်သည် မြတ်သော မဟာ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၅။ ထိုမြတ်စွာဘုရားရှင်သည် အထူးအထူး သိသော ပုထုပညာနှင့် ပြည့်စုံတော်မူပါပေ၏

၆။ ထိုမြတ်စွာဘုရားရှင်သည် ပြန့်ပြောသော ဝိပုလ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၇။ ထိုမြတ်စွာဘုရားရှင်သည် နက်နဲသော ဂမ္ဘီရ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၈။ ထိုမြတ်စွာဘုရားရှင်သည် အောက်ပညာတို့ နှင့် မနီးသော အသာမန္တပညာနှင့် ပြည့်စုံတော်မူပါပေ၏

၉။ ထိုမြတ်စွာဘုရားရှင်သည် မြေကြီးကဲ့သို့ ကျယ် ပြန့်သော ဘူရိပညာနှင့် ပြည့်စုံတော် မူပါပေ၏

၁၀။ ထိုမြတ်စွာဘုရားရှင်သည် ပညာများသူဖြစ် ခြင်း ပညာ ဟာဟုလ္လနှင့် ပြည့်စုံတော်မူပါပေ၏

၁၁။ ထိုမြတ်စွာဘုရားရှင်သည် မြန်သော သီဃ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၂။ ထိုမြတ်စွာဘုရားရှင်သည် ပေါ့ပါးသော လဟု ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ရှင်လန်းသော ဟာသ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၄။ ထိုမြတ်စွာဘုရားရှင်သည် လျင်သော ဇဝန ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၅။ ထိုမြတ်စွာဘုရားရှင်သည် ထက်မြက်သော တိက္ခ ပညာနှင့် ပြည့်စုံတော်မူပါပေ၏

၁၆။ ထိုမြတ်စွာဘုရားရှင်သည် ကိလေသာကို ဖေါက်ခွဲနိုင်သော နိဗ္ဗေဓိကပညာနှင့် ပြည့်စုံတော်မူပါပေ၏

* * * * * * * * * *

ဝိပဿနာဉာဏ်တော် ဆယ့်ခြောက်ပါးအားဖြင့် ဉာဏ်စဉ် (၁၆)ပါး ပါဝင်သည့်

(၄) သောဋ္ဌသ(ဉာဏ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ နာမရူပ ပရိစ္ဆေဒ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ နာမရူပ ပရိတ်ဆေဒဉာဏေန သမန်နာဂတော)

၂။ သော ဘဂဝါ ပစ္စယပရိဂ္ဂဟ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ပစ်စယပရိတ်ဂဟ ဉာဏေန သမန်နာဂတော)

၃။ သော ဘဂဝါ သမ္မသန ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ သမ်မသန ဉာဏေန သမန်နာဂတော)

http://www.dhammadownload.com

၄။ သော ဘဂဝါ ဥဒယဗ္ဗယ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ဥဒယတ်ဗ္ဗယ ဉာဏေန သမန်နာဂတော)
၅။ သော ဘဂဝါ ဘင်္ဂဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ ဘင်္ဂ ဉာဏေန သမန်နာဂတော)
၆။ သော ဘဂဝါ ဘယဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ ဘယ ဉာဏေန သမန်နာဂတော)
၇။ သောဘဂဝါ အာဒီနဝဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ အာဒီနဝ ဉာဏေန သမန်နာဂတော)
၈။ သော ဘဂဝါ နိဗ္ဗိဒါဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ နိတ်ဗိဒါ ဉာဏေန သမန်နာဂတော)
၉။ သော ဘဂဝါ မုဉ္စိတုကမျတာ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ မုန်စိတု,ကမျတာ ဉာဏေန သမန်နာဂတော)
၁၀။ သော ဘဂဝါ ပဋိသင်္ခါဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ ပဋိသင်ခါ ဉာဏေန သမန်နာဂတော)
၁၁။ သော ဘဂဝါ သင်္ခါရုပေက္ခာ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ သင်ခါရုပစ်ခါ ဉာဏေန သမန်နာဂတော)
၁၂။ သော ဘဂဝါ အနုလောမ ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ အနုလောမ ဉာဏေန သမန်နာဂတော)
၁၃။ သော ဘဂဝါ ဂေါတြဘု ဉာဏေန သမန္နာဂတော၊
(သော ဘဂဝါ ဂုတ်တရဘု ဉာဏေန သမန်နာဂတော)
၁၄။ သော ဘဂဝါ မဂ္ဂဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ မဂ်ဉ ဉာဏေန သမန်နာဂတော)
၁၅။ သော ဘဂဝါ ဖလဉာဏေန သမန္နာဂတော၊ (သော ဘဂဝါ ဖလ ဉာဏေန သမန်နာဂတော)
၁၆။ သော ဘဂဝါ ပစ္စဝေက္ခဏာဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ပစ်စဝတ်ခဏာ ဉာဏေန သမန်နာဂတော)

* * * * * * * * * *

(၄) သောဋသ ဉာဏ ဧစတိတွင် ပါဝင်သော ဂုဏ်တော် ဉာဏ်တော်များ
(ဝိပဿနာဉာဏ်စဉ်–၁၆ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့ကို ပိုင်းခြား ၍သိသော **နာမရူပပရိစ္ဆေဒဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။
၂။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အကြောင်းကို ပိုင်းခြား၍သိသော **ပစ္စယ ပရိဂ္ဂဟဉာဏ်**နှင့် ပြည့်စုံ တော်မူပါပေ၏။
၃။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော **သမ္မသနဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏

http://www.dhammadownload.com

၄။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အသစ် အသစ် ဖြစ်ပေါ်လာခြင်း တခဏချင်း ပျက်စီးသွားခြင်းကို သိမြင်သော **ဥဒယဗ္ဗယဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ ပျက်စီး ခြင်းကိုသာ ရှုမှတ်ထင်ထင်သိမြင်သော **ဘင်္ဂ ဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ ပျက်စီး ခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ် ဘေးကြီးအဖြစ် ထင်မြင်သော **ဘယဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၌ ကိုးကွယ် ရာမထင် အပြစ်မြင်သော **အာဒီနဝဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ မပျော် မမွေ့ ငြီးငွေ့သော **နိဗ္ဗိဒါဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့မှ လွတ် ကင်းထွက်မြောက်လိုသော **မုဉ္စိတုကမျတာ ဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်တို့၏ အနိစ္စ စသော လေးဆယ်သော အချင်းအရာဖြင့် အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ထင်မြင်သော **ပဋိသင်္ခါဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် နာမ်ရုပ်သင်္ခါရတို့၏ ကြောက်လန့်မှု နှစ်သက်မှုကို စွန့်ပယ်၍ သိရုံသိရုံသာ အညီအမျှရှုသော **သင်္ခါရုပေက္ခာ ဉာဏ်**နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် ဥဒယဗ္ဗယဉာဏ် စသော ရှေ့ဉာဏ်(၈)ပါးနှင့် နောက်မဂ္ဂသစ္စာ အားလျော်သော **အနုလော မဉာဏ်**နှင့် ပြည့်စုံ တော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်တော်သို့ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ ရှေ့တကြိမ်သာ ဖြစ်သော **ဂေါတြဘုဉာဏ်**နှင့် ပြည့်စုံတော် မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို မျက်မှောက် ပြုလျက် သစ္စာလေးပါးကို တပြိုင်နက်သိသော **မဂ်ဉာဏ်**နှင့် ပြည့်စုံ တော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို အာရုံပြု လျက် ကိလေသာအပူတို့ကို ငြိမ်းအေးစေသော **ဖိုလ်ဉာဏ်**နှင့် ပြည့်စုံတော် မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီးကိလေသာ မပယ်ရသေး ကိလေသာ အားဖြင့် ဤငါးပါးတို့ကို ပြန်လှန် ၍ ဆင်ခြင် သော **ပစ္စဝေက္ခဏာဉာဏ်**နှင့် ပြည့်စုံတော် မူပါပေ၏။

* * * * * * * * * *

http://www.dhammadownload.com

အပရမ္ပရိယ တရားဆယ့်ခြောက်ပါးအားဖြင့် အပရမ္ပရိယဓမ္မ (၁၆)ပါး ပါဝင်သည့်

(၅) သောဋ္ဌသ(ဓမ္မ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ကုသလပညတ္တိယံ အနုတ္တရော၊ (သော ဘဂဝါ ကုသလပင်ညတ်တိယံ အနုတ်တရော)

၂။ သော ဘဂဝါ အာယတနပဏ္ဏတ္တီသု အနုတ္တရော၊
(သော ဘဂဝါအာယတနပန်ဏတ်တီသု အနုတ်တရော)

၃။ သော ဘဂဝါ ဂဗ္ဘာဝက္ကန္တီသု အနုတ္တရော၊ (သော ဘဂဝါ ဂတ်ဘာ ဝက်ကန်တီသု အနုတ်တရော)

၄။ သော ဘဂဝါ အာဒေသနဝိဓာသု အနုတ္တရော၊
(သော ဘဂဝါ အာဒေသနဝိဓာသု အနုတ်တရော)

၅။ သော ဘဂဝါ ဒဿနသမာပတ္တီသု အနုတ္တရော၊
(သော ဘဂဝါ ဒတ်သန သမာပတ်တီသု အနုတ်တရော)

၆။ သော ဘဂဝါ ပုဂ္ဂလပဏ္ဏတ္တီသု အနုတ္တရော၊ (သော ဘဂဝါ ပုတ်ဂလ ပန်ဏတ်တီသု အနုတ်တရော)

၇။ သော ဘဂဝါ ပဓာနေသု အနုတ္တရော၊ (သော ဘဂဝါ ပဓာနေသုအနုတ်တရော)

၈။ သော ဘဂဝါ ပဋိပဒါသု အနုတ္တရော၊ (သော ဘဂဝါ ပဋိပဒါသု အနုတ်တရော)

၉။ သော ဘဂဝါ ဘဿသမာစာရေ အနုတ္တရော၊ (သော ဘဂဝါ ဘတ်သ သမာစာရေ အနုတ်တရော)

၁၀။ သော ဘဂဝါ ပုရိသ သီလသမာစာရေ အနုတ္တရော၊
(သော ဘဂဝါ ပုရိသသီလ သမာစာရေ အနုတ်တရော)

၁၁။ သော ဘဂဝါ အနုသာသနဝိဓာသု အနုတ္တရော၊ (သော ဘဂဝါ အနုသာသန ဝိဓာသု အနုတ်တရော)

၁၂။ သော ဘဂဝါပရပုဂ္ဂလဝိမုတ္တိ ဉာဏေ အနုတ္တရော၊
(သော ဘဂဝါ ပရပုတ်ဂလ ဝိမုတ်တိ ဉာဏေ အနုတ်တရော)

၁၃။ သော ဘဂဝါ သဿတဝါဒေသု အနုတ္တရော၊ (သော ဘဂဝါ သတ်သတ ဝါဒေသု အနုတ်တရော)

၁၄။ သော ဘဂဝါ ပုဗ္ဗေနိဝါသာနုဿတိဉာဏေ အနုတ္တရော၊
(သော ဘဂဝါပုတ်ဗေနိဝါသာနုတ်သတိ ဉာဏေ အနုတ်တရော)

၁၅။ သော ဘဂဝါ သတ္တာနံစုတူပပါတ ဉာဏေ အနုတ္တရော၊
(သော ဘဂဝါ သတ်တာနံ စုတူပပါတ ဉာဏေ အနုတ်တရော)

၁၆။ သော ဘဂဝါ ဣဒ္ဓိဝိဓာသု အနုတ္တရော၊ (သော ဘဂဝါ အိတ်ရိဝိဓာသု အနုတ်တရော)

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

http://www.dhammadownload.com

(၅) သောဋ္ဌသဓမ္မစေတီ–လာ အပရမ္ပပရိယတရား (၁၆)ပါး

၁။ ထိုမြတ်စွာဘုရားရှင်သည် ဗောဓိပက္ခိယတရား (၃၇)ပါး ဟုဆိုအပ်သော ကုသိုလ်တရားတို့ကို ဟောကြားသိစေခြင်း၌ အမြတ်ဆုံးဖြစ်၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် အတွင်းအပ အာယတန (၁၂)ပါးတို့ကို ဟောကြားခြင်း၌ အမြတ်ဆုံးဖြစ်၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေခြင်း (၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် သူတပါးတို့၏ စိတ်ကို ထုတ်ဖော်ပြောဆိုညွှန်းခြင်း (၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် ဆံပင်စသော (၃၂)ပါး အဖို့အစုများကို ကြည့်ရှုဆင်ခြင် ဉာဏ်ဖြင့် သိမြင်ရာ၌ ဉာဏ်အမြင် သိမြင်ပုံ (၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံး ဖြစ်၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ဥဘတောဘာဂ ဝိမုတ္တ စသော ပုဂ္ဂိုလ်(၇)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ပြဓာန်းသော ဗောဇ္ဈင်(၇)ပါး တရားတို့ကိုဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာစသော အကျင့်ပဋိပဒါ(၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် မုသာဝါဒ စသော အကျိုးမဲ့စကားတို့ကို ရှောင်ရှား၍ အကျိုးရှိစကားကိုပြောဆိုသော ကောင်းသောနုတ် အကျင့်၌ အမြတ်ဆုံးဖြစ်၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် သစ္စာစကား သဒ္ဓါ တရားစသော လူတို့၏ သီလအကျင့် (၂၂)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် အရိယာပုဂ္ဂိုလ် (၄)မျိုးဖြစ်အောင် ဆုံးမနည်း(၄)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် တပါးသော (အရိယာ)ပုဂ္ဂိုလ်တို့၏ မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်းကိုသိသော ဉာဏ်ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် သဿတအယူဝါဒ(၃)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် ရှေး၌နေခဲ့ဘူးသော ဘုံဘဝခန္ဓာတို့ကို အောက်မေ့ အမှတ် ရနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ သေခြင်း ပဋိသန္ဓေတည်နေခြင်းကို သိမြင်သော စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

၁၆။ ထိုမြတ်စွာဘုရားရှင်သည် တန်ခိုးအစီအရင် (ကွဒ္ဓိဝိဓာဉာဏ်) (၂)မျိုးတို့ကို ဟောကြားရာ၌ အမြတ်ဆုံးဖြစ်၏။

* * * * * * * * * *

အာနာပါနဿတိ ဆယ့်ခြောက်ပါးအားဖြင့် သတိ (၁၆)ပါး ပါဝင်သည့်

(၆) သောဋ္ဌသ (သတိ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒီဃ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဒီဃ, အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၂။ သော ဘဂဝါ ရဿ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ရတ်သ,အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၃။ သော ဘဂဝါ သဗ္ဗကာယ,ဋိသံဝေဒီ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သတ်ဗကာယ,ပဋိသံဝေဒီ အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၄။ သော ဘဂဝါ ပဿမ္ဘယ ကာယသင်္ခါရ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပတ်သမ်ဘယ ကာယသင်ခါရ အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၅။ သော ဘဂဝါ ပီတိ ပဋိသံဝေဒီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပီတိပဋိသံဝေဒီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၆။ သော ဘဂဝါ သုခ ပဋိသံဝေဒီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သုခပဋိသံဝေဒီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၇။ သော ဘဂဝါ စိတ္တသင်္ခါရ ပဋိသံဝေဒီ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ စိတ်တသင်ခါရ ပဋိသံဝေဒီ, အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၈။ သော ဘဂဝါ ပဿမ္ဘယ စိတ္တသင်္ခါရ, အဿာသပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပတ်သမ်ဘယ စိတ်တ, သင်ခါရ, အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

၉။ သော ဘဂဝါ စိတ္တ ပဋိသံဝေဒီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ စိတ်တ,ပဋိသံဝေဒီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၀။ သော ဘဂဝါ အဘိပ္ပမောဒယစိတ္တ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ အဘိတ်ပမောဒယ စိတ်တ, အတ်သာသပတ်သာသ သတိယာ ဝိဟရတိ)

၁၁။ သော ဘဂဝါ သမာဒဟ စိတ္တ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ သမာဒဟ စိတ်တ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၂။ သော ဘဂဝါ ဝိမောစယ စိတ္တ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဝိမောစယ စိတ်တ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

http://www.dhammadownload.com

၁၃။ သော ဘဂဝါ အနိစ္စာနုပဿီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ အနိတ်စာနုပတ်သီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၄။ သော ဘဂဝါ ဝိရာဂါနုပဿီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ဝိရာဂါနုပတ်သီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၅။ သော ဘဂဝါ နိရောဓာနုပဿီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ နိရောဓာနုပတ်သီ, အတ်သာသ, ပတ်သာသ သတိယာ ဝိဟရတိ)

၁၆။ သော ဘဂဝါ ပဋိနိဿဂ္ဂါနုပဿီ, အဿာသ ပဿာသ သတိယာ ဝိဟရတိ။
(သော ဘဂဝါ ပဋိနိတ်သက်ဂါနုပတ်သီ, အတ်သာသ,ပတ်သာသ သတိယာ ဝိဟရတိ)

* * * * * * * * * *

(၆) သောဋ္ဌသ သတိ ဧစတိတွင် ပါဝင်သော ဂုဏ်တော် ဉာဏ်တော်များ
(အာနာပါနသတိ–၁၆ပါး)

၁။ ထိုမြတ်စွာဘုရားရှင်သည် ရှည်ရှည်ရှူလျှင်လည်း ရှည်ရှည်ရှူသည်ဟု ရှည်ရှည်ရှိုက်လျှင်လည်း ရှည်ရှည်ရှိုက်သည်ဟု သိသော သတိဖြင့် နေတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် တိုတိုရှူလျှင်လည်း တိုတိုရှူသည်ဟု တိုတိုရှိုက်လျှင်လည်း တိုတိုရှိုက်သည်ဟု သိသော သတိဖြင့် နေတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် ဝင်လေရုပ်အပေါင်း၏ အစ အလယ် အဆုံး အကုန်လုံးကို ထင်ရှား သိလျက် ဝင်လေကို ရှူပြီး ထွက်လေရုပ် အပေါင်း ၏ အစ အလည် အဆုံး အကုန်လုံးကို ထင်ရှား သိလျက် ထွက်လေကို ရှိုက်သည်ကို သိသော သတိနှင့် နေတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် အရှုပြင်း၍ ရုန့်ရင်း သော ဝင်လေကို ငြိမ်းအေးစေလျက် ဝင်လေကို ရှူပြီး အရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်လေကို ငြိမ်းအေးစေလျက် ထွက်လေကို ရှိုက်သည်ကို သိသော သတိနှင့် နေတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် နှစ်သက်ခြင်း ပီတိကို ပညာဖြင့်ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါ ပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ချမ်းသာခြင်းသုခကို ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါ ပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် စိတ္တသင်္ခါရကို ပညာ ဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ရုပ်ရင်းသော စိတ္တ သင်္ခါရကို ငြိမ်းအေးစေလျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေ ကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

http://www.dhammadownload.com

၉။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို အလွန်ဝမ်း မြောက်စေလျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် စိတ်ကို ကိလေသာမှ လွတ်မြောက်စေလျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် အနိစ္စ မမြဲဟု အဖန်ဖန် ရှုလျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှု့လျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် ရာဂချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှု့လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် ကိလေသာကို စွန့်ရာ နိဗ္ဗာန်နှင့် စွန့်တတ်သော မဂ်ကို အဖန်ဖန် ရှု့လျက် ပညာဖြင့် ဆင်ခြင်လျက် ဝင်လေကို ဖြစ်စေခြင်း ထွက်လေကိုဖြစ်စေခြင်း သတိနှင့် နေတော်မူပါပေ၏။

* * * * * * * * * *

သစ္စာအနက် ဆယ်ခြောက်ချက်အားဖြင့် သစ္စာအနက် ဆယ်ခြောက်ပါး ပါဝင်သည့်

(၇) သောဋ္ဌသ (သစ္စာ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒုက္ခသစ္စ ပီဋ္ဌနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ပီဋ္ဌနတ်ထ ဉာဏေန သမန်နာဂတော)

၂။ သော ဘဂဝါ ဒုက္ခသစ္စ သခ််တဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သင်ခတတ်ထ ဉာဏေန သမန်နာဂတော)

၃။ သော ဘဂဝါ ဒုက္ခသစ္စ သန္တာပဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သန်တာပတ်ထ ဉာဏေန သမန်နာဂတော)

၄။ သော ဘဂဝါ ဒုက္ခသစ္စ ဝိပရိဏာမဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ဝိပရိဏာမတ်ထ ဉာဏေန သမန်နာဂတော)

http://www.dhammadownload.com

၅။ သော ဘဂဝါ သမုဒယသစ္စ အာယူဟနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ အာယူဟနတ်ထ ဉာဏေန သမန်နာဂတော)

၆။ သော ဘဂဝါ သမုဒယသစ္စ နိဒါနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ နိဒါနတ်ထ ဉာဏေန သမန်နာဂတော)

၇။ သော ဘဂဝါ သမုဒယသစ္စ သံယောဂဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ သံယောဂတ်ထ ဉာဏေန သမန်နာဂတော)

၈။ သော ဘဂဝါ သမုဒယသစ္စ ပလိဗောဓဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ ပလိဗောဓတ်ထ ဉာဏေန သမန်နာဂတော)

၉။ သော ဘဂဝါ နိရောဓသစ္စ နိဿရဏဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ နိတ်သရဏတ်ထ ဉာဏေန သမန်နာဂတော)

၁၀။ သော ဘဂဝါ နိရောဓသစ္စ ဝိဝေကဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ ဝိဝေကတ်ထ ဉာဏေန သမန်နာဂတော)

၁၁။ သော ဘဂဝါ နိရောဓသစ္စ အသင်္ခတဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အသင်ခတတ်ထ ဉာဏေန သမန်နာဂတော)

၁၂။ သော ဘဂဝါ နိရောဓသစ္စ အမတဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အမတတ်ထ ဉာဏေန သမန်နာဂတော)

၁၃။ သော ဘဂဝါ မဂ္ဂသစ္စ နိယျာနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ နိန်ယာနတ်ထ ဉာဏေန သမန်နာဂတော)

၁၄။ သော ဘဂဝါ မဂ္ဂသစ္စ ဟေတုဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဟေတုတ်ထ ဉာဏေန သမန်နာဂတော)

၁၅။ သော ဘဂဝါ မဂ္ဂသစ္စ ဒဿနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဒတ်သနတ်ထ ဉာဏေန သမန်နာဂတော)

၁၆။ သော ဘဂဝါ မဂ္ဂသစ္စ အဓိပတေယျဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ အဓိပတေယတ်ထ ဉာဏေန သမန်နာဂတော)

* * * * * * * * * *

http://www.dhammadownload.com

ဖောဓိညောင်ပင် ပူဇော်ခြင်း



ဖောဓိရွှေကျောင်းသို့ (၂၈) ဆူ ဘုရားများကို ပင့်ဆောင်ကြစဉ် (၂၇.၇.၂၀၁၄)



http://www.dhammadownload.com

ဖောဓိညောင်ပင် ပူဇော်ခြင်း



ဖောဓိရွှေကျောင်းထက်မှ ထူပါရုံစေတီ ဌာပနာပစ္စည်းများ (၂၀၁၄)ခုနှစ်



ပန်းမော်ဆရာတော်နှင့် လှရတနာဆရာတော်တို့ ဖဲကြိုးဖြတ်၍ ဖောဓိရွှေကျောင်းကို ဖွင့်လှစ်စဉ် (၃.၈.၂၀၁၄)

http://www.dhammadownload.com

ဟောဓိညောင်ပင် ဘုရားကျောင်း



မဟာဟောဓိ ရွှေညောင်ပင်၌ ဆီမီး (၁၀၀၀) ထွန်းညှိပူဇော်ကြစဉ် (၂၀၁၄) ခုနှစ်



အဘိဓဇကျောင်းမှ
လောကထိပ်ပန်
ဗုဒ္ဓရဲ့တော်ရာကြီး

http://www.dhammadownload.com

ဟုဒ္ဓခြေတော်ရာများ



လှရတနာ အနန္တဇိန ဟုဒ္ဓခြေတော်ရာ ဌာပနာပစ္စည်းများ (၂၂.၉.၂၀၀၇)



အဝေဖုခြေရာစာအုပ် ဟုဒ္ဓစာပေ ပထမဆုရခြင်း အထိမ်းအမှတ် ဆွမ်းတော်ကြီးကပ်လှူစဉ် (၁၈.၃.၂၀၁၁)

http://www.dhammadownload.com

ဗုဒ္ဓခြေတော်ရာများ



အနန္တဇိန ဗုဒ္ဓခြေတော်ရာ စာလုံးပုံဖော်လျက် ပူဇော်ကြစဉ်



အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးအား ပူဇော်ထားသော ကိတ်မုန့်များ

http://www.dhammadownload.com

ဗုဒ္ဓခြေတော်ရာများ



ကော်ဇောအလှူနှင့် ဗုဒ္ဓခြေတော်ရာ ဆွမ်းတော်ကြီးကပ်လှူပွဲ (၃၀.၁၁.၂၀၁၄)



မန်းရွှေစက်တော်ရာ
မှခ်ဉီးပေါ်မှ
စကျင်ကျောက်သား
ဗုဒ္ဓခြေတော်ရာ
(၈.၂.၂၀၁၆)

http://www.dhammadownload.com

ဟုဒ္ဒခြေတော်ရာများ



သင်္ကဿနဂိုရ်မြို့မှ သီရိပါဒဝိဟာရအား ဥက္ကဋ္ဌကြီးဦးကြည်ဝင်းမှ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ် (၁၇.၁၂.၂၀၀၆)



သီရိပါဒဝိဟာရကျောင်းဆောင်အလှူကို နှင်းဆီခြံထဲ၌ ကျင်းပစဉ် (၁၇.၁၂.၂၀၀၆)

http://www.dhammadownload.com

ဗုဒ္ဓဓြဇတော်ရာများ



ဘုရားရှင် မဟာသတိပဋ္ဌာနသုတ် ဟောကြားခဲ့ရာ နယူဒေလီမြို့တော် ဆတ်တန်နဂရအရပ်
ပန်းခြံတွင်း၌ မဟာသတိပဋ္ဌာနသုတ် ရွတ်ဖတ်ပူဇော်ကြသူများ (၁၉.၁၂.၂၀၀၆)



စက်ာပူနိုင်ငံ မြန်မာသံရုံး၌ သံအမတ်ကြီးဇနီးမောင်နှံအား ပုလဲဗီနိုင်းခြေတော်ရာလျှုဒါန်းစဉ် (၂၀၁၃)ခုနှစ်

http://www.dhammadownload.com

ဟုဒ္ဒခြေတော်ရာများ



အင်ဒိန်းရှားနိုင်ငံ ထိုင်းဘုန်းကြီးကျောင်း၌ ရွှေခြည်ထိုးခြေတော်ရာ လှူဒါန်းစည် (၂၀၁၂) ခုနှစ်

ရွှေထီးတော်တင်လှူခြင်းများ



ထီးတော် စိန်ဖူးတော်နှင့်
ငှက်မြတ်နားတော်
(၁၆.၈.၂၀၀၈)နေ့တွင်
တင်လှူပူဇော်သည်

http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ဆွာရဏ ကျိုတ္တိယစေတီ အရံစေတီ(၄)ဆူ အလှူတော်ငွေပေးအပ်ပွဲ (၁၉.၇.၂၀၁၅)



http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ဆွာရဏ ကျိုတ္တိယစေတီ အရံစေတီ(၄) ဆူ အလှူတော်ငွေပေးအပ်ပွဲ (၁၉.၇.၂၀၁၅)



http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ဆွာရဏ ကျိုတ္တိယစေတီ အရံစေတီ (၄) ဆူ အလှူတော်ငွေပေးအပ်ပွဲ (၁၉.၇.၂၀၁၅)



http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ဆွာရဏ ကျိုတ္တိယစေတီ အရံစေတီ(၄)ဆူ အလှူတော်ငွေပေးအပ်ပွဲ (၁၉.၇.၂၀၁၅)



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်၌ ရွှေထီးများကို လှည့်လည်ပူဇော်ခံစဉ်(၂၀၁၅)ခုနှစ်

http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ကိုလံဘိုမြို့တွင်း၌ ထီးအလှူရှင်များ လှည့်လည်ကြစဉ် (၂၀၁၅) ခုနှစ်



http://www.dhammadownload.com

ရွှေထီးတော်တင်လှူခြင်းများ



ရွှေထီးတင်လှူထားရာ စေတီ၌ တည်ထားသော ရွှေဗုဒ္ဓခြေတော်ရာ (၂) ဆူ (၂၀၁၅) ခုနှစ်



ရွှေထီးတင်၊ ရွှေခြေတော်ရာ အလှူပွဲ၌ မြန်မာသံအမတ်ကြီး ရေစက်ချစဉ် (၂၀၁၅) ခုနှစ်

http://www.dhammadownload.com

အခါတော်နေ့များကျင်းပခြင်း



ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းရန် ညောင်ရေအိုးများကို သယ်ဆောင်လာကြစဉ် (၂၀၁၃)ခုနှစ်



http://www.dhammadownload.com

အခါတော်နေ့များကျင်းပခြင်း



ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းရန် ညောင်ရေအိုးများကို သယ်ဆောင်လာကြစဉ် (၂၀၁၃) ခုနှစ်



http://www.dhammadownload.com

အခါတော်နေ့များကျင်းပခြင်း





ဝါခေါင်လပြည့် မဟာအခါတော်နေ့ ကျင်းပစဉ် (၂၈.၈.၂၀၁၇)

http://www.dhammadownload.com

အခါတော်နေ့များကျင်းပခြင်း



နယုန်လပြည့် မဟာသမယအခါတော်နေ့ ကျင်းပစဉ် (၂၃.၆.၂၀၁၃)



မဟာသမယသုတ် ကမ္မဝါအိတ်တို့ကို လှုရတနာကျောင်း၌ ထုတ်ပိုးထားစဉ် (၂၀၁၂) ခုနှစ်

http://www.dhammadownload.com

မဟာသမယ ကမ္မဝါဒီများ လှူဒါန်းခြင်း



အဘိဓဇကျောင်းဌိ စာသင်တိုက်ဆရာတော်တို့အား မဟာသမယကမ္မဝါလှူဒါန်းစဉ် (၂၁.၁၀.၂၀၁၂)



http://www.dhammadownload.com

မဟာသမယ ကမ္မဝါများ လှူဒါန်းခြင်း



မဟာသမယ ကမ္မဝါစာ အလှူပွဲမှ ရှေးဟောင်းကမ္မဝါမျူးစုံကို ပြထားစဉ်



မဟာသမယ ကမ္မဝါစာ အလှူပွဲ၌ ရွှေမိုးငွေမိုး ရွာစဉ်

http://www.dhammadownload.com

မဟာသမယ ကမ္မဝါများ လှူဒါန်းခြင်း



ညောင်တုန်းတိုက် သက်တော်ရှည်ဆရာတော်ကြီးအား ကမ္မဝါစာလှူစဉ်



နိုင်ငံတော် သံဃမဟာနာယက အတွင်းရေးမှူးချုပ်ဆရာတော်အား ကမ္မဝါစာ လှူဒါန်းစဉ်

http://www.dhammadownload.com

(၇) ဧသာဋ္ဌသ သစ္စာ စေတီတွင် ပါဝင်သော သစ္စာအနက် (၁၆)ချက် ဥာဏ်တော်များ

၁။ ထိုမြတ်စွာဘုရားရှင်သည် လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ဒုက္ခသစ္စာ ၏ **ပီဠနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံ တော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော၊ ဒုက္ခ သစ္စာ၏ **သင်္ခတအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် မရောင့်ရဲစွာ၊ သတ္တဝါ တို့ကို၊ လောင်ဆာပူပန် စေတတ်သော၊ ဒုက္ခ သစ္စာ၏**သန္တာပအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် ဇရာ မရဏ၊ သောက ပရိဒန်တို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဒုက္ခသစ္စာ၏ **ဝိပရိဏာမအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာ စေခြင်းငှာ၊ အားထုတ်တတ်သော သမုဒယသစ္စာ၏ **အာယူ ဟနအနက်**ကိုသိသောဉာဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော သမုဒယသစ္စာ၏ **နိဒါနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲ၌၊ အမြဲ ပေါ်ရွှင်၊တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော၊ သမုဒယသစ္စာ၏ **သံယောဂအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

